စိတ်ကူးချိုချို အနုပညာ




# VINCENT VAN GOGH


1853 1890

# ဗင်းဆင့်ရှာပုံတော်

မောင်ထွန်းသူ



gyoe.com



# ဗင်းဆင့်ရှာပုံတော်

မောင်ထွန်းသူ

TUN0009

3,500.00 KS

mgyoe.com

ဝင်းဆင့်ရှာပုံတော်၊ မောင်ထွန်းသူ
စာမျက်နှာ ၂၃၀++ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆ စိတ်ကူးချိုချို၏ပထမအကြိမ်မူ၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဗင်းဆင့်ရှာပုံတော်

## မောင်ထွန်းသူ


ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



Three Sunflowers in a Vase(1888)

mgyoe.com

mgyoe.com
mgyoe.com



အာလူးအခွံနွာနေသော လယ်သူမ၊ ဆီဆေး(ပျဉ်ချပ်ပေါ်တွင်)၊ ၂၉·၅·၄၀ စင်တီ၊ (မတ်လမှ မေလ၊ ၁၈၈၅)

ချည်ငင်နေသော ရက်ကန်းသမား။ ဆီဆေး။ ၃၇·၄၅ စင်တီ၊ (၁၈၈၄)



mgyoe.com




မြို့ပြင်မှ ကပွဲလုပ်သောနေရာ၊ ဆီဆေး၊ ၄၉•၆၄ စင်တီ၊ (အောက်တိုဘာ၊ ၁၈၈၆)


ပါရီဝန်းကျင်၊ ဆီဆေးဖြင့် ကင်းဘတ်ပေါ်ရေးပြီး ကပ်ထူစက္ကူပေါ်ကပ်၊ ၄၅·၆•၆၄·၆ စင်တီ၊ (၁၈၈၆)



mgyoe.com




သက်ငြိမ်၊
ဆီဆေး၊ ၄၁×၃၈ စင်တီ၊
(၁၈၈၇ နှစ်ဦးပိုင်း)



ကြေးပန်းအိုးထဲမှ
ဖရီတီယံပန်းများ။
ဆီဆေး၊ ၇၃.၅×၆၀.၅ စင်တီ၊
(ပြေလမှ မေလ၊ ၁၈၈၇)

mgyoe.com


mgyoe.com




အားစ်နီယံမှ ရေသူမစားသောက်ဆိုင်၊
ဆီဆေး။ ၅၇•၆၈ စင်တီ
(နွေရာသီ၊ ၁၈၈၇)


mgyoe.com

mgyoe.com



စန့်တီမာရီမှ ကျေးလက်အိမ်များ။ ဆီဆေး။ ၃၆.၅×၄၄ စင်တီ၊ (ဇွန်လ၊ ၁၈၈၈)

ဂျစ်ပဆီအုပ်စု၊ ဆီဆေး။ ၄၅×၄၁ စင်တီ၊ (၁၈၈၈)



mgyoe.com



ပင်လယ်ပြင်မှ တံငါလှေများ။ ဆီဆေး။ ၄၄•၅၃ စင်တီ၊ (ဇွန်လ၊ ၁၈၈၈)

သဲလှေများ။ ဆီဆေး။ ၅၅•၆၆ စင်တီ၊ (ဩဂုတ်လ၊ ၁၈၈၈)




mgyoe.com

mgyoe.com




ပါရီထုတ်ဝတ္ထုစာအုပ်များ။
ဆီဆေး။ ၇၃· ၉၃ စင်တီ။
(ဆောင်းရာသီ၊ ၁၈၈၇-၁၈၈၈)



ကောက်ရိတ်သိမ်းချိန်
ဆီဆေး။ ၇၃·၅၄ စင်တီ။
(၁၈၈၈)

mgyoe.com

mgyoe.com



အကျဉ်းသားများ
ဝိုင်းပတ်လမ်းလျှောက်ခြင်း။
ဆီဆေး၊ ၈၀·၆၄ စင်တီ၊
(ဖေဖော်ဝါရီ ၁၈၉၀)

အားလ်မြို့တွင်
အပျင်းပြေလမ်းလျှောက်ထွက်ခြင်း၊
(အေတင်ပန်းခြံမှ အမှတ်တရ)
ဆီဆေး၊ ၇၃·၅·၉၂·၅ စင်တီ၊
(နိုဝင်ဘာ၊ ၁၈၈၈)






သူမ၏ ပန်းဥယျာဉ်အတွင်းရှိ မာ့ဒ်မိုဇယ်ဂါရှေး။ ဆီဆေး။ ၄၆•၅၅ စင်တီ၊ (ဇွန်လ၊ ၁၈၉၀)

အိုင်းရစ်ပန်းများ။ ဆီဆေး။ ၇၁•၉၃ စင်တီ၊ (မေလ၊ ၁၈၈၉)





တရေးလောက်မှေးခြင်း။ ဆီဆေး။ ၇၃•၉၁ စင်တီ၊ (ဇန်နဝါရီလ၊ ၁၈၉၀)

mgyoe.com




အိုဗဲလ်ရွာမှလမ်း။ ဆီဆေး၊ ၇၃.၉၂ စင်တီ၊ (ဇူလိုင်၊ ၁၈၉၀)



ကော့ဒ်ဗီးလ်ရှိ ကောက်ရိုးခေါင်မိုးအိမ်များ။ ဆီဆေး၊ ၇၂.၉၁ စင်တီ၊ (ဇွန်လ၊ ၁၈၉၀)




အိုဗဲလ်ရွာရှုခင်း (မြင်းလှည်း၊ ရထား၊ အိမ်များ)၊ ဆီဆေး၊ ၇၂×၉၀ စင်တီ၊ (ဇွန်လ၊ ၁၈၉၀)



Olive Grove: Pale Blue Sky (1889)


mgyoe.com



အာလ်ပြည်သူ(မဒမ်ဂျီနူးဓါတ်ပုံတူ)
ဆီဆေး။ ၆၈•၈၁ စင်တီ၊
(နိုဝင်ဘာ၊ ၁၈၈၈)


ကဗျာဆရာ(ယူဂျင်းဘော့ခ်ပုံတူ)
ဆီဆေး။ ၆၀•၄၅ စင်တီ၊
(စက်တင်ဘာ၊ ၁၈၈၈)





ခေါင်းစွပ်အဖြူနှင့်လယ်သူမတစ်ဦး
ဆီဆေး။ ၃၆·၅·၂၉·၅ စင်တီ၊
(မတ်လ၊ ၁၈၈၅)

mgyoe.com




Vase With Daises and Anemones

mgyoe.com



The Sower(1888)

mgyoe.com



Field with poppies (1889)

mgyoe.com

mgyoe.com

# ဤစာအုပ်သည်

သူ ကွယ်လွန်သွားသည်မှာ နှစ်ပေါင်း ၁၀၉၊ ၁၁၀ နီးပါးမျှရှိခဲ့ပြီ၊ သို့သော်လည်း သူ့နာမည်သည် ယခုအထိ မသေသေး၊ ယနေ့ခေတ် ယနေ့အချိန် ကာလအထိ သူ့နာမည်သည် လူအများ၏ပါးစပ်ဖျားတွင် ရေပန်းစားနေဆဲ၊ သူ့အပေါ်စိတ်ဝင်စားမှုမှာလည်း နည်းပါးသွားသည်ဟု မရှိ၊ ခေတ်အဆက်ဆက် တစ်နေ့တခြား တိုး၍သာလာနေသည်။ ယနေ့ခေတ်အထိ သူသည် လူအများအပေါ်၌ ဩဇာလွှမ်းမိုးနေဆဲဖြစ်၏။ ယင်းကဲ့သို့ ဖြစ်နေရသည်မှာ ဘာ့ကြောင့် ပါလိမ့်။

သူသည် လူ့လောကတွင် နေထိုင်သွားခဲ့ရသည်မှာ ၃၇ နှစ်မျှသာကြာ၏။ ထို နှစ်၃၀ ကျော်ကာလအတွင်း သူလုပ်ခဲ့သမျှ ဘာတစ်ခုမှ မအောင်မြင်ခဲ့ပေ။ သူလုပ်သမျှ အရာရာတိုင်းတွင် အရှုံးနှင့်သာရင်ဆိုင်ခဲ့ရ၏။ သူသည် ရှေးဦးစွာ ပန်းချီကား အရောင်းဆိုင်တွင် အရောင်းစာရေး၊ ထို့နောက် စာအုပ်အရောင်းဆိုင် စာရေး၊ ထို့နောက် ဓမ္မဆရာ၊ ထို့နောက် ပန်းချီဆရာ၊ သူသည် ပန်းချီဆရာဘဝတွင်လည်း အောင်မြင်မှုမရခဲ့။ သူ့ပန်းချီကားများကို ဝယ်ဖို့ နေနေသာသာ ယောင်ယမ်းပြီး ငုံ့ကြည့်မည့် လူပင်မရှိ၊ သို့တစေလည်း သူသည် ကွယ်လွန်ချိန်အထိ ပန်းချီအလုပ်တွင် ဇောက်ချကာ ဇွဲနပဲကြီးစွာဖြင့် လုပ်ကိုင်သွားခဲ့၏။

အဖြစ်က ထူးခြားဆန်းကြယ်လှသည်။ သူအသက်ထင်ရှားရှိစဉ် အခါက သူ့ပန်းချီကားများအား နှာခေါင်းရှုံ့ခဲ့ကြ၊ ပြက်ရယ်ပြုခဲ့ကြသော်လည်း သူ ကွယ်လွန်ပြီးနောက် နှစ်ပေါင်းများစွာကြာသည့်အခါ တစ်ကမ္ဘာလုံးက အံ့သြချီးကျူးနေရသည့် ပန်းချီကားများဖြစ်လာသည်။ သူ၏ **'ဒေါက်တာ ဂါးချက်ပုံတူ'** ပန်းချီကားသည် ၁၉၉၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာငွေ ၈၂.၅ သန်းဖြင့်



mgyoe.com

mgyoe.com


ဝယ်ယူသွားခြင်းခံခဲ့ရ၏။ သူ၏ **'အိုင်းရစ်ပန်းများ'** ပန်းချီကားကို ရောင်းချခဲ့စဉ်က ဒေါ်လာငွေ ၅၃.၉ သန်းမျှ ရရှိခဲ့ရာ အားလုံးက ကမ္ဘာ့အမြင့်ဆုံး စျေးအဖြစ် သတ်မှတ်ခဲ့ကြ၏။ ယခု ဒေါက်တာဂါးချက်၏ ပုံတူပန်းချီကားကို ဒေါ်လာငွေ ၈၂.၅သန်းဖြင့် ရောင်းချလိုက်ရသည့် အခါတွင်မူကား...။

သူ့ပန်းချီကားများကို ပြသသည့်အခါတွင်လည်း လာရောက် ကြည့်ရှုသူ အရေအတွက်သည် အမြဲတစေတိုးတက်လျက်ရှိသည်။ အခြား ပန်းချီဆရာများ၏ ပြပွဲများထက် လူအရေအတွက် အဆပေါင်းများစွာပိုခဲ့၏။ သူ့လက်ရာပုံတူများ ကို ရုံးအသုံးအဆောင်၊ အိမ်အသုံးအဆောင် ပစ္စည်းများပေါ်၌ ရိုက်နှိပ်ရောင်းချ သည့်အခါတွင်လည်း များစွာ အရောင်းရတွင်ကျယ်ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် **'ဗင်းဆင့်'** အမည်ရှိ သီချင်းဓာတ်ပြား ထုတ်လုပ်ခဲ့ရာ ၁၉၉၇ ခုနှစ်အထိ နှစ်ပေါင်း ၂၅ နှစ်ရှော် ကာလအတွင်း ဓာတ်ပြားချပ်ရေ ၁၀ သန်းကျော် ရောင်းချခဲ့ရသည်။

ယနေ့အချိန်ထိ လူအများသည် သူ့အားဘာသာရေးနယ်ပယ်မှ ကိုးကွယ် ဆည်းကပ်စရာ 'ပုဂ္ဂိုလ်ထူးတစ်ဦးသဖွယ် လေးစားမြတ်နိုးလျက်ရှိ ကြ၏။ ခေတ်ကာလအလျောက် ပြောမည်ဆိုပါက ရှေ့ခ်အဆိုတော် စတားတစ်ယောက် သဖွယ် ကိုးကွယ်လျက်ရှိကြ၏။ ဤသို့ဖြစ်နေရသည်မှာ ဘာ့ကြောင့်ပါလိမ့်။

ယနေ့ခေတ်တွင် သူနှင့်ဆက်စပ်ပတ်သက်၍ ဖြစ်ပေါ်နေသမျှ အရာရာတိုင်းသည် အံ့သြဖွယ်ရာတွေချည်း ဖြစ်နေသည်။ အနုပညာလောက ထဲမှ ပန်းချီဝေဖန်ရေးဆရာများကမူ မည်သည့်ခေတ်၊ မည်သည့်ကာလမှာမှ သူ့လောက် ထူးခြားထင်ရှားသည့် ပန်းချီဆရာသည် တစ်ဦးမျှမပေါ်ပေါက် သေးဟုပင်ထင်မြင်ချက် ပေးနေကြသည်။ သူ့အရှိန်အဝါသည် ဤမျှ လောက်အထိ ကြီးမားလျက်ရှိ၏။ ဘာ့ကြောင့် ထိုကဲ့သို့ ဖြစ်နေရပါသနည်း။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ နီးပါးခန့်က မွေးဖွားခဲ့သော ဒတ်ချ် ပန်းချီဆရာကြီး ဗင်းဆင့်ဗင်းဂိုး(၁၈၅၃–၁၈၉၀)နှင့် ပတ်သက်လာလျှင် ထို မေးခွန်းများသည် မေးသင့်မေးထိုက်သည့် မေးခွန်းများဖြစ်နေသည်။ ယေဘုယျ သဘောပြောရမည်ဆိုပါက လူများစုသည် ဗင်းဆင့်ဗင်းဂိုးအား မြတ်နိုးကိုးကွယ် ကြသည်။ ချစ်ခင်လေးစားကြသည်။ ကရုဏာသက်ကြသည်။ သူ့ပန်းချီကားများ အပေါ် အလေးအနက် တန်ဖိုးထားကြသည်။ သို့သော်လည်း လူ့သဘောသဘာဝ အတိုင်း ကြိုက်သူရှိလျှင် မကြိုက်သူ လည်းရှိစမြဲ၊ ချီးမွမ်းသူရှိလျှင် ကဲ့ရဲ့သူလည်း


mgyoe.com

mgyoe.com


ရှိစမြဲ။

တချို့လူများက ဗင်းဆင့်သည် မည်သည့်အလုပ်ကိုမှ မည်မည်ရရ မလုပ်၊ သူ့ဘဝတစ်လျှောက်လုံး ညီဖြစ်သူသီအိုရဲ့လုပ်အားအပေါ် မှီခိုနေသူဖြစ်သည်ဟု ပြောကြသည်။ တချို့ကမူ ဗင်းဆင့်သည် သူ့ကိုယ်သူ အစိုးရသူမဟုတ်၊ ထင်ရာမြင်ရာတွေကို စည်းမဲ့ကမ်းမဲ့ လုပ်နေသူဟု စွပ်စွဲကြသည်။ တချို့ကတော့ ဗင်းဆင့်အား 'အရူး'ဟု ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်း ခေါ်ကာ အထင်အမြင်ကြီးစရာ လူတစ်ယောက်မဟုတ်ဟု ပစ်ပစ်ခါခါ ဆိုကြသည်။

**'နေရှင်နယ် ဂျီအိုဂရပ်ဖစ် မဂ္ဂဇင်း'**[၁]မှ လက်ထောက်အယ်ဒီတာဖြစ်သူ 'ဂျိုအဲအယ်လ်ဆွတ်လိုး'[၂] သည် ဗင်းဆင့်ဗင်းဂိုးနှင့် ဆက်စပ်နေသော မေးခွန်းများတွင် စိတ်ဝင်စားသူဖြစ်သည်။ သူကိုယ်တိုင်လည်း ဗင်းဆင့်ပန်းချီများအပေါ်၌ အထူးတလည် စိတ်ဝင်စားနေသူဖြစ်၏။ အထူးသဖြင့် သူသည် ဗင်းဆင့်၏ပန်းချီကားများတွင် တွေ့မြင်နေရသည့် အရောင်းများအပေါ်များစွာ အလေးအနက်ထားခဲ့သည်။ ကြေကွဲဖွယ်ရာကောင်းသည့် ဗင်းဆင့်၏ ဘဝဇာတ်ကြောင်းအပေါ်တွင်လည်း ကရုဏာမကင်းဖြစ်သည်။ ဤသို့ဖြင့် သူသည် **'ဗင်းဆင့်ရှာပုံတော်'** ဖွင့်ရန် စိတ်ကူးရခဲ့သည်။

ဤသို့ဖြင့် သူသည် ဗင်းဆင့်၏မွေးရပ်ဇာတိသို့သွားသည်။ ဗင်းဆင့်၏ ပန်းချီကားများရှိရာ ပြတိုက်များသို့သွားသည်။ ဗင်းဆင့်နေထိုင်ခဲ့ရာ ဒေသများမှ ရွာများနှင့်မြို့များ သို့သွားသည်။ ဗင်းဆင့်ရှိစဉ်က ခြေကျင်သွားခဲ့သောစရိုးများကို သူကလည်း ခြေကျင်ပင်သွားသည်။ ဗင်းဆင့်ပန်းချီဆွဲခဲ့သော နေရာများ၊ ဗင်းဆင့်ကျက်စားခဲ့သည့် စားသောက်ဆိုင်များ၊ ဗင်းဆင့်တက်ရောက်ကုသခဲ့ရသည့် ဆေးရုံစသည့် နေရာအနံ့သို့လည်း သွားသည်။

ထို့ပြင်လည်း ဗင်းဆင့်နှင့် ပတ်သက်၍ ရေးထားသည့် စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများ၊ ဗင်းဆင့်က သီအိုထံ ရေးခဲ့သည့်စာများကို ဖတ်သည်။ သူဖတ်ခဲ့ရသမျှ အချက်အလက်များကို ဗင်းဆင့်၏ဘဝနှင့် နှိုင်းယှဉ်ထင်ဟပ်ကြည့်သည်။ ဗင်းဆင့်၏ စိတ်နေသဘောထားများနှင့် အကျင့်စရိုက်များကို လေ့လာသည်။ ဆင်ခြင်သုံးသပ်သည်။ ဗင်းဆင့်၏ ပန်းချီကားများကိုလည်း

---

၁။ National Geographic Magazine

၂။ Joel L. SWERDWLOW


mgyoe.com

mgyoe.com


ပြန်လည်ကြည့်ရှုလေ့လာသည်။ ထူးခြားမှုများကို ထုတ်ပြသည်။ ဝေဖန်သုံးသပ်ပြသည်။

သူသည် ပန်းချီကားများကို လေ့လာရာ၌ 'အစ၊ အလယ်၊ အဆုံး' သုံးပိုင်းခွဲ၍ လေ့လာသည်။ အစပိုင်းသည် ဗင်းဆင့်ပန်းချီစဆွဲသည့် ကာလ၊ အလယ်ပိုင်းသည် သူ၏ပန်းချီဆွဲသောလက် တည်ငြိမ်သွားသော ကာလဖြစ်၍ အဆုံးပိုင်းသည် သူမကွယ်လွန်မီ ဆယ်နှစ်တာကာလဖြစ်သည်။ သူ့အား 'ပါရမီရှင်'ဟု ဘာ့ကြောင့် သတ်မှတ်ခဲ့ကြပါသနည်း။ ထိုမေးခွန်း၏ အဖြေကိုပါ ရှာဖွေတင်ပြထားသည်။

*

ဤစာအုပ်သည် "ဂျိုအဲအယ်လ်ဆွက်လို၏ Vincent Van Gaghlullaby In color ဆောင်းပါးနှင့် Vincent Van Gogh (1853-1890) ဆောင်းပါး"များကို အခြေခံ၍ ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ထို့ပြင်လည်း ဗင်းဆင့်၏ညီ သီအိုဇနီးရေးသားခဲ့သည့် "ကျွန်မသိသော ဗင်းဆင့်ဗင်းဂိုး"အမည်ရှိ ဆောင်းပါးကိုလည်း အခြေပြုထားသည်။

"ကျွန်မသိသောဗင်းဆင့်ဗင်းဂိုး"ကို ရေးသူ "မဒမ်ဂျေ၊ ဗင်းဂိုးဘွန်ဂျာသည် ကမ္ဘာကျော်ပန်းချီဆရာကြီး ဗင်းဆင့်ဗင်းဂိုး၏ ခယ်မဖြစ်သည်။ သူ့အချစ်ဆုံးညီ သီအို၏ဇနီးဖြစ်၏။ အချစ်ဆုံးညီ၏ ဇနီးဖြစ်သဖြင့် သူအချစ်ဆုံး ခယ်မဖြစ်ဖို့ ရှိသည်ဟု ယူဆနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ "မဒမ်ဂျေ၊ ဗင်းဂိုးဘွန်ဂျာ"သည် ဗင်းဆင့်အသက်ထင်ရှားရှိနေစဉ်အခါက သူ့ခင်ပွန်း သီအို၏အနွံနာကိုပါ ခံခဲ့ရသူဖြစ်၏။ ဘွန်ဂျာသည် သီအိုနှင့် ဗင်းဆင့်တို့ ညီအစ်ကို တစ်ယောက်ပေါ်တစ်ယောက် ချစ်ကြခင်ကြ သံယောဇဉ်ကြီးကြသည်များကိုကြည့်ကာ တအံ့တသြ ဖြစ်ခဲ့ရသူဖြစ်လေသည်။

ဗင်းဆင့်နှင့် သီအိုတို့ ကွယ်လွန်ပြီးစတွင် ဘွန်ဂျာသည် ထူးထူးခြားခြား ဘာမှမလုပ်ခဲ့သော်လည်း နောက်ပိုင်း "မတ်ခ်ရော့စ်ကစ်လ် (Malk Rookill) က"ဗင်းဆင့်ဗင်းဂိုး၏ပေးစာများ" "The Letters of Vincent Van Gogh' စာအုပ်ကို ထုတ်ဝေရန် အားထုတ်လာသည့်အခါ စာများကို စုဆောင်းပေးခြင်း၊ ရက်နှင့် ခုနှစ်အလိုက် စီပေးခြင်းနှင့် အချို့နေ့စွဲတပ်မထားသောစာများကို


mgyoe.com

mgyoe.com


အဖက်ဖက်မှ ဆင်ခြင်မှန်းဆပြီး အချိန်ကာလ သတ်မှတ်ပေးခြင်း စသည်များကို တာဝန်ယူပြုလုပ်ပေးခဲ့သည်။ သို့ဖြစ်ရာ သူ၏ "ကျွန်မသိသော ဗင်းဆင့်ဗင်းဂိုး" ဆောင်းပါးသည်လည်း ဤစာအုပ် "ဗင့်ဆင့်ရှာပုံတော်"အတွက် တစ်နည်းတစ်ဖုံ အထောက်အကူပြုနိုင်ဖွယ်ရာ ရှိပါသည်။

ဤစာအုပ်တွင် "သူ့စိတ်၏ပုံရိပ်"ကိုလည်း တစေ့တစောင်း လေ့လာတင်ပြထားသည်။ ဤသည်မှာလည်း ပါရမီထူးသော ပန်းချီဆရာအဖြစ် ထင်ရှားနေသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍ စဉ်းစားဖွယ်ရာ အငြင်းပွားဖွယ်ရာများကို မြင်လာနိုင်ဖွယ်ရာ ရှိပါသည်။

ဤစာအုပ်တွင် ဗင်းဆင့်၏ပန်းချီကား အချို့ပါဝင်ပါသည်။ ဗင်းဆင့်ဗင်းဂိုး၏ ပန်းချီကားများသည် **'အရောင်နှင့် စကားပြောနေသောပန်းချီကားများ'** ဖြစ်ပါသည်။ ယင်းတို့အား ရောင်စုံဖြင့် သူ့နဂိုအတိုင်း ဖော်ပြပါမှအရသာခံနိုင်စရာရှိပါသည်။ သို့သော်လည်း စရိတ်စက ကြီးမားသော အချိန်တွင် သူ့ကားအားလုံးကို သူ့နဂိုအတိုင်း ပေါ်လွင်အောင် အရောင်ဖြင့် မပြနိုင်ပါ။ ဆေးလက်ရာထူးများဟု ယူဆရသည့် ပန်းချီကားတို့ကိုသာ အရောင်ဖြင့် ပြ၍ ကျန်ကားများကို အဖြူအမည်းနှင့် ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းပန်းချီကားများသည်လည်း ပန်းချီနှင့် အလှမ်းဝေးသလို ဖြစ်နေသော ကျွန်တော်တို့ စာဖတ်ပရိသတ်အတွက် အထောက်အကူ ပြုလာနိုင်ဖွယ်ရာရှိသည်ဟု ထင်ပါသည်။

*

"ဗင်းဆင့်ရှာပုံတော်"နှင့် ပတ်သက်၍ ပြောဆရာကျန်နေပါသေးသည်။ "နေရှင်နယ် ဂျီအိုဂရပ်ဖစ် မဂ္ဂဇင်း "National Geographic Magazine' ပါ "ဂျိုအဲအယ်ဆွက်လို "Joel L.Swerdlow" ၏ ဆောင်းပါးအကြောင်း ပြောပြီး မဂ္ဂဇင်းကိုငှားပေးခဲ့သည့် စာရေးဆရာ(ဦး)တင်မောင်မြင့်နှင့် (ဦး)မြတ်ငြိမ်းတို့အားလည်းကောင်း၊ မဂ္ဂဇင်းကို စေတနာမေတ္တာအပြည့်ဖြင့် ငှားရမ်းကူညီခဲ့သော ဦးအုန်းဖေ အငြိမ်းစား ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) မြန်မာ့ရေနံလုပ်ငန်းအားလည်းကောင်း၊ ဗင်းဆင့်ဗင်းဂိုး၏ပန်းချီကားအချို့ကို လွယ်လင့်တကူ ရွေးချယ်နိုင်ရန်အတွက် ဗင်းဂိုးပန်းချီကားစာအုပ်ကို ငှားရမ်းခဲ့သော ပန်းချီဆရာ (ကို) သန်းဌေးမောင် အားလည်းကောင်း ဤစာအုပ်ပါ "သူ့စိတ်၏ပုံရိပ်"အတွက်


mgyoe.com

mgyoe.com


ကူညီခဲ့ကြသော ပန်းချီဆရာ မောင်ဒီနှင့် ဆရာဝန် စာရေးဆရာ ဒေါက်တာ အောင့်မင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဤစာအုပ် "ဗင်းဆင့်ရှာပုံတော်"သည် ဗင်းဆင့်ဗင်းဂိုး၏ဘဝကို ရေးဖွဲ့ထားသည့် ရမ္မက်မီးနှင့် မတူပါ။ ရမ္မက်မီးသည် ဗင်းဆင့်၏ ဘဝတစ်ခုလုံးကို မွေးသည်မှ သေသည်အထိ အသေးစိတ်ခြယ်မှုန်းထားသည့် အတ္ထုပ္ပတ္တိ ဝတ္ထုကြီး ဖြစ်ပါသည်။ မကြာမီ ထွက်လာလိမ့်မည်ဟု ယူဆရသည့် **"ဗင်းဆင့်ပေးစာများ"** နှင့်လည်း မတူပါ။ ဗင်းဆင့်ပေးစာများသည် ညီအစ်ကိုနှစ်ယောက်၏ အချစ်၊ ဗင်းဆင့်၏ ပန်းချီပညာနှင့် စာပေအရည်အသွေးများကို ဖော်ပြသည့် အကြောင်းအရာများဖြစ်ပါသည်။

တကယ်တော့ "ဗင်းဆင့်ရှာပုံတော်"သည် ဗင်းဆင့်ဗင်းဂိုး၏ဘဝကို တစ်စွန်းတစ်စပြကွက်သည့်သူ့လက်ရာ ပန်းချီများ၏ အနှစ်သာရများကို လေ့လာရှာဖွေကြည့်ခြင်း၊ သူ၏စိတ်ပိုင်းဆိုင်ရာ အားနည်းချက်များနှင့် အားသာချက်များကို လေ့လာကြည့်ရှုခြင်း စသည်များကို ပြုလုပ်ထားသည့် "ကြိုးပမ်းမှုတစ်ရပ်" ဖြစ်ပါသည်။ လေ့လာသင့်သော ပုဂ္ဂိုလ်တစ်ယောက်၏အကြောင်း ဖြစ်သဖြင့် စိတ်ဝင်စားကြလိမ့်မည်ဟု မျှော်လင့်ရပါ၏။

မောင်ထွန်းသူ


၂၀၀၃၊ ဧပြီ ၇။

mgyoe.com

mgyoe.com

သူ့ဘဝ

mgyoe.com



ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပတ်ပတ်လည်၌ မည်သည့်အရာများက ဝိုင်းရံထားသည်ကို အပြတ်တစေ သိနိုင်စွမ်းလည်းမရှိ၊ ပြောပြနိုင်စွမ်းလည်းမရှိကြပါ။ ကျွန်ုပ်တို့ မည်သည့် အရာများက အကျဉ်းချထားသည်ကိုလည်းကောင်း၊ မည်ကဲ့သို့သော အရာများက ကျွန်ုပ်တို့အား မြှုပ်နှံပစ်မည့် အရိပ်လက္ခဏာ ပြနေသည်ကိုလည်းကောင်း သိနိုင်၊ ပြောနိုင်စွမ်း မရှိကြပါ။ သို့သော်ငြားလည်း ကျွန်ုပ်တို့ကိုယ်တိုင်က ဖော်ပြနိုင်စွမ်း မရှိသောအတားအဆီးများ၊ အကာအရံများနှင့် နံရံကြီးများက တားဆီးပိတ်ပင်ထား သည်ကိုမူ ကျွန်ုပ်တို့စိတ်ထဲမှ ခံစားသိရှိနေကြပါသည်။

စန့်ရေမီ ရှိ စန့်ပေါလ်စိတ်ရောဂါကုဆေးရုံ၊ အောက်တိုဘာလ ၁၈၈၉
၅၈×၄၅ စင်တီ၊ အော်ဖေပြေတိုက်၊ ပါရီ။

mgyoe.com

mgyoe.com

သူ့ဘဝတစ်လျှောက်လုံး ဗင်းဆင့်ဗင်းဂိုးသည် အထက်ပါ အသိတည်းဟူသော အကျဉ်းချခံနေရမှုကြားမှ ဖြတ်သန်းခဲ့ရသည်။ သူသည် ကမ္ဘာလောကနှင့် လူသားတို့၏ဘဝကို ချစ်မြတ်နိုးမှုနှင့် တွယ်တာမှုများကို ,အရင်းတည်ကာ ယင်းအသိတည်းဟူသော အကျဉ်းထောင်တွင်းမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ဤကြားထဲမှပင် သာသနာပြုပုဂ္ဂိုလ်တစ်ဦး၏အလုပ်၊ လူအများအား ကူညီရန်အားထုတ်မှုနှင့် ပန်းချီအပေါ်၌ သံယောဇဉ်ကြီးမှုတို့သည် သူ့အပေါ်လွှမ်းမိုးလာခဲ့၏။ ယင်းလုပ်ငန်းများ၏ ဖိနှိပ်တောင်းခံမှုများသည် အဆမတန် ကြီးမားလာခဲ့၏။ ယင်းတောင်းခံမှုများကြောင့် ဗင်းဆင့်သည် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒုက္ခဝေဒနာများကို ခံစားခဲ့ရ၏။ နောက်ဆုံးတွင် ယင်းဒုက္ခများကြောင့် အသက်ဆုံးရှုံးရသည်အထိ ဖြစ်ခဲ့ရသည်။

ဗင်းဆင့်အား ၁၈၅၃ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒတ်ချ်ဘရားဘန့်နယ်[၁]အတွင်းမှ ရွာလေးတစ်ရွာဖြစ်သော ဂရု့-ဇွန်ဒတ်[၂]၌ မွေးဖွားခဲ့သည်။ သူ့ဖခင်မှာ မာတင်လူသာ ခရစ်ယာန်ဂိုဏ်းဝင် လူသာရင် သင်းအုပ်ဘုန်းကြီး[၃] တစ်ပါးဖြစ်၏။ သူ့ဖခင်သည် ဗင်းဆင့်အား ပန်းချီကား အရောင်းအဝယ်သမား တစ်ယောက် ဖြစ်စေချင်သည်။ ထို့ကြောင့်လည်း ဗင်းဆင့်သည် အသက် ဆယ့်ခြောက်နှစ် အရွယ်တွင် သူ့ဦးလေးတစ်ယောက် တည်ထောင်ထားသော ဂေါ်မစ်လ် ဂဲလားရီးစ် ပန်းချီအရောင်းအဝယ်လုပ်ငန်းကြီးထဲတွင် အလုပ်ဝင်

၁။ Dutch Brabant
၂။ Groot- Zundert
၃။ Lutheran Minister



mgyoe.com

mgyoe.com

ရောက်လုပ်ကိုင် ခဲ့သည်။

သူသည် ပထမဆုံး ဟောဂ်မြို့လုပ်ငန်းဌာနခွဲ၌ ၁၈၇၀ ခုနှစ်နှင့် ၁၈၇၃ ခုနှစ်ကြား သုံးနှစ်တိတိ အရောင်းစာရေးလုပ်နေခဲ့ရသည်။ ထို့နောက် လက်ရှိဌာနခွဲထက် ပို၍ကြီးသော လန်ဒန်မြို့တော်ဌာနခွဲ၌ နှစ်နှစ်တိတိ ပြောင်းရွှေ့အမှုထမ်းခဲ့ရသည်။ နောက်ဆုံးတွင် လုပ်ငန်းဌာနချုပ်ရှိရာ ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ ၁၈၇၅ ခုနှစ်တွင် ပြောင်းရွှေ့ တာဝန်ယူခဲ့ရသည်။ သူသည် နာရီပေါင်းမြားစွာ ပန်းချီပြတိုက်များနှင့် ပန်းချီအရောင်းပြခန်းများအတွင်း၌ အချိန်ဖြုန်းခဲ့ရပြီး ထင်ရှားကျော်ကြားသော ပန်းချီဆရာကြီးများ၏ လက်ရာအမြောက်အများကို ကြည့်ရှုလေ့လာခွင့် ရနေခဲ့သော်လည်း ထို သူလုပ်နေရသည့် ပန်းချီကား အရောင်းအဝယ်လုပ်ငန်းအပေါ်တွင်မူ လုံးဝ စိတ်မဝင်စားခဲ့ပေ။

သူ ဘာကို ဝါသနာပါပြီး ဘာကို လုပ်လိုသော ဆန္ဒရှိမှန်း ရေရေရာရာ မသိသေးသော ဗင်းဆင့်သည် ရုတ်တရက်ဖြစ်ပေါ်လာသောစိတ်ကူးအရ အလုပ်မှ ထွက်ကာ ၁၈၇၆ ခုနှစ်နှစ်ဆန်းပိုင်းတွင် မိဘရပ်ထံပြန်လာခဲ့သည်။ အိမ်ရောက်သည့်အချိန်မှစ၍ သူသည် စာအုပ်တွေ အများကြီးဖတ်သည်။ ပန်းချီပုံကြမ်းတွေ အများအပြားဆွဲသည်။ ဘာသာရေးဆိုင်ရာ အလုပ်များကို လုပ်လိုသောစိတ် အပြင်းအထန်ဖြစ်သည်။ ထို့နောက် သူသည် မငြိမ်မသက်ဖြစ်လွန်းသောစိတ်ဖြင့် တစ်နေရာမှ တစ်နေရာသို့ လျှောက်သွားသည်။

ရှေးဦးစွာ သူသည် ရမ်းစ်ဂိတ်သို့ ဘာသာစကားသင်ကြားရန် သွားသည်။ ထို့နောက် အိုင်းစ်ဝတ်သ်သို့သွား၍ ခရစ်ယာန်လက်ထောက်ဘုန်းကြီး လုပ်သည်။ ဒေါဒရက်ချ်သို့သွား၍ စာအုပ်ဆိုင်တစ်ဆိုင်တွင် အရောင်းသမား ဝင်လုပ်သည်။ အမ်စတာဒမ်မြို့သို့သွား၍ ဘာသာရေးပညာကို သင်ယူသည်။ ထို့နောက် ဘရပ်ဆဲလ်မြို့သို့ သွားရောက်ပြီး ဓမ္မဆရာသင်တန်းတက်သည်။

၁၈၇၉ ခုနှစ် ဇန်နဝါရီလထဲတွင် သူ့အား သာသနာပြုအဖြစ် ခန့်အပ်ပြီး ဘယ်လ်ဂျီယံနိုင်ငံရှိ ကျောက်မီးသွေးတွင်းဒေသဖြစ်သော ဘိုးရင်းနိတ်ချ်သို့ စေလွှတ်ခြင်းခံရသည်။ ထိုဒေသ၌ နေထိုင်စဉ်အတွင်း၊ **ဆင်းရဲဒုက္ခဆိုသည်မှာ ဘယ်လိုဟာလဲ,** ဟူသောအချက်ကို ရှာဖွေတွေ့ရှိခဲ့ရပါသည်ဟု သူကိုယ်တိုင်က ထုတ်ဖော်ပြောပြဖူးသည်။ သူသည် ကျောက်မီးသွေးတွင်းတူး အလုပ်သမားများနှင့်အတူ အခက်အခဲများနှင့် ဆင်းရဲမွဲတေခြင်း ဒုက္ခများကို


mgyoe.com

mgyoe.com


ပင်ပန်းကြီးစွာ မျှဝေခံစားသည်။ သူ့တွင် ရှိသမျှ အစားအစာနှင့် ငွေကြေးပစ္စည်း အသုံးအဆောင်များကို အလုပ်သမား မိသားစုများအား စွန့်ကြဲပေးကမ်းပစ်သည်။ သူကိုယ်တိုင်ပင်ဆင်းရဲငတ်ပြတ်ခြင်းဒဏ်ကို ပြင်းထန်စွာခံစားရသည်။ စိတ်ရောကိုယ်ပါ ဆင်းရဲခဲ့ရ၏။ ထိုအချိန်က သူခံစားခဲ့ရသော ဆင်းရဲဒုက္ခများကြောင့်ဖြစ်ပေါ်လာသည့် ကျန်းမာရေးချို့တဲ့မှုသည် နောင်အချိန်အထိ ပြန်လည်၍ တိုးတက်ကောင်းမွန်လာခြင်း မရှိတော့ပေ။

၁၈၈၀ ခုနှစ် နွေရာသီကာလ ဘိုးရင်းနိတ်ချ်၌နေ့စဉ်အတွင်း ဗင်းဆင့်သည် ဆုံးဖြတ်ချက်အသစ်တစ်ခုကို ချမှတ်လိုက်သည်။ သူ့အတွက် အကောင်းဆုံးသောနည်းလမ်းမှာ သူ့ဘဝအား ပန်းချီဆွဲသည့် အလုပ်ထဲ၌ နှစ်မြှုပ်ရန်ဖြစ်သည်ဟု တွေးမိသည်။ သူ့ဆန္ဒကို သူ့ညီ သီအိုထံသို့ စာတစ်စောင်ဖြင့် ရင်ဖွင့်သည်။ သူ့တွင် ဘဝတစ်လျှောက်လုံး မှီခိုအားထားခဲ့ရသည့်လူမှာ သူ့ညီ သီအိုတစ်ယောက်တည်းသာရှိ၏။ သူ့စိတ်ထဲပေါ်လာသမျှ ခံစားမှုများကိုလည်း သူ့ညီ သီအိုမှတစ်ပါး တခြားဘယ်သူ့ကိုမှ ထုတ်ဖော်ပြောပြလေ့မရှိပေ။

ဗင်းဂိုး၏ ပန်းချီပညာသင်ဘဝမှာလည်း ယခင် တစ်ကြိမ် သာသနာပြု ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်အောင်ကြိုးစားခဲ့စဉ်က အတိုင်းပင်ဖြစ်သည်။ အလွဲလွဲအချော်ချော်ဖြစ်ခဲ့ရပြန်၏။ သူ ဘိုးရင်းနိတ်ချ်၌ နေစဉ်အတွင်း သူ၏ မှတ်စုစာအုပ်များထဲ၌ ကျောက်မီးသွေးတွင်းတူး အလုပ်သမားများနှင့် မိသားစုများ၏ပုံကို အမြဲတစေဆွဲထားခဲ့သည်။ ယင်းတို့၏ နေထိုင်ဆက်ဆံမှု ဘဝများကိုလည်း ပုံကြမ်းများဖြင့် မှတ်တမ်းတင်ထားခဲ့၏။

ထို့နောက် သူသည် ၁၈၈၀ ခုနှစ်အတွင်းမှာပင် ဘရပ်ဆဲလ်မြို့သို့ ရောက်သွားသည်။ ထိုမြို့တွင် သူသည် ခန္ဓာဗေဒ ဘာသာရပ်နှင့် ရှုခင်းတစ်ခု၏ အနီးအဝေးမြင်ကွင်း ဘာသာရပ်များကို သင်ကြားလေ့လာသည်။ ထို့နောက် မကြာသေးခင်ကမှ မိဘများပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အက်တင်းမြို့သို့ လိုက်သွားခဲ့သည်။ သူ ပန်းချီဆရာဖြစ်ရန် ကြိုးပမ်းအားထုတ်မည်ဟူသော ရည်မှန်းချက်ကို မိသားစုက သဘောမတူခြင်း၊ ဒုတိယချစ်ရေးချစ်ရာကိစ္စက အဆင်မပြေခြင်း စသည်တို့ကြောင့် သူသည် ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းဒဏ်ကို ခံရပြန်သည်။ သူ တွေ့ခဲ့ရသည့် ဒုတိယချစ်သူမှာ သူ့မိသားစုနှင့် လာရောက်နေထိုင်လျက်ရှိသော သူ့ဝမ်းကွဲနှမ မုဆိုးမဖြစ်သည်။


mgyoe.com

mgyoe.com


ဗင်းဆင့်အနေဖြင့် ၁၈၇၄ ခုနှစ် လန်ဒန်တွင်နေစဉ်က ခံစားခဲ့ရသည့် အချစ်ဝေဒနာမျိုးကို အပြင်းအထန် ခံရပြန်သည်။ သူသည် အချစ်ရေးကိစ္စကို လက်မြှောက်အရှုံးပေးကာ ၁၈၈၁ ခုနှစ် ဆောင်းရာသီတွင် ဟေ့ဂ်မြို့သို့ထွက်ခွာလာခဲ့သည်။ ပထမဆုံးအကြိမ် သူ့ဝမ်းကွဲအစ်ကို အင်တွန်မောဗီး[၁] ၏ ကြီးကြပ်မှုအောက်၌ နေထိုင်ကာ ပန်းချီဆွဲသည်။ ထို့နောက် သူသည် ခရစ္စတင်း[၂]အမည်ရှိ ပြည့်တန်ဆာတစ်ဦးနှင့် ပေါင်းသင်းနေထိုင်ခဲ့သည်။ သူ့တွင် ငွေကြေးမပြည့်စုံမှုကြောင့် ခရစ္စတင်းနှင့် ခွဲခွာပြီး မိဘများပြောင်းရွှေ့နေထိုင်သည့် နူနင်မြို့သို့ ထွက်ခွာခဲ့သည်။ သူသည် မိဘများနှင့်အတူနှစ်နှစ်မျှ နေထိုင်ခဲ့ရာ ထိုကာလအတွင်း ပန်းချီဆွဲသည့်အလုပ်ကို ပြင်းထန်စွာ လုပ်ကိုင်ခဲ့သည်။ ဤအတွင်းမှာပင် အိမ်နားနီးချင်းတစ်ဦးဖြစ်သော မားဂေါ့ဘီဂျီမန်း[၃]နှင့် မေတ္တာမျှခဲ့၏။ သို့သော်လည်း မိန်းကလေး၏ မိဘများက လုံးဝသဘောမတူခဲ့သဖြင့် မားဂေါ့သည် သူ့ကိုယ်သူ သတ်သေရန် အားထုတ်ခဲ့သည်။ ယင်းအဖြစ်သည် ဗင်းဆင့်၏စိတ်ကို များစွာ ထိခိုက်စေခဲ့၏။

ဖခင်ဖြစ်သူ ရုတ်တရက်ကွယ်လွန်သွားခြင်းသည် ဗင်းဆင့်အတွက် အားကိုးရာမဲ့ဖြစ်ရပြန်သည်။ အမြဲတစေ ကြုံတွေ့နေရသော ငွေကြေးအခက်အခဲကြောင့် သူ့တွင် ဒုက္ခရောက်ရပြန်၏။ သူသည် အန်တဝပ်မြို့[၄]သို့ ၁၈၈၅ ခုနှစ် ဆောင်းရာသီတွင် ထွက်ခွာလာခဲ့သည်။ ထို့နောက် မလွှဲမရှောင်သာတော့သဖြင့် ပါရီမြို့ရှိ သူ့ညီသီအိုထံသို့ သွားရောက်ကာ နှစ်နှစ်ကြာ နေထိုင်ခဲ့ရပြန်သည်။ ဤကာလအတွင်း ပန်းချီနှင့် ပတ်သက်သောသူ၏ နည်းပညာများသည် များစွာတိုးတက်လာသည်။ နောက်ပိုင်းတွင် ဆွဲလာသည့် သူ၏ ထူးခြားထင်ရှားသော ပန်းချီကားများအတွက် နည်းပညာများကို ပါရီမြို့၌ နေစဉ်အတွင်း ရရှိခဲ့သည်ဟု ဆိုနိုင်သည်။

ပါရီ၌ နေစဉ်အတွင်း သူသည် ကာမွန်[၅]၏ ပန်းချီပညာသင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ဤကျောင်းမှာပင် သူသည် တော်လိုဆီ–လောထရက်[၆]၊

---

၁။ Anton Mauve
၂။ Christine
၃။ Margot Begemann
၄။ Antwerp
၅။ Cormon
၆။ Toulouse-Lautree


mgyoe.com

mgyoe.com


ဘားနတ်[၁] နှင့် အခြားလူငယ် ပန်းချီဆရာများအား သိကျွမ်းလာခဲ့သည်။ သူသည် ယင်းပန်းချီဆရာများနှင့် ပန်းချီနည်းပညာများအကြောင်းကို အမြဲတစေ ဆွေးနွေးငြင်းခုံခွင့်ရခဲ့သည်။ အထူးသဖြင့် အင်ပရက်ရှင်းနစ် ပန်းချီဆရာတို့၏ ရေးဟန်များ အကြောင်းကို အငြင်းအခုံဖြစ်ကြရသည်။

သူသည် ပစ်ဆာရို[၂]၊ ဆောရက်[၃]၊ ဆစ်ဂနက်[၄]နှင့် ဂေါဂင်[၅] စသော ပန်းချီဆရာများနှင့်လည်း အလွန်ရင်းနှီးခင်မင်ခဲ့သည်။ အထူးသဖြင့် ဂေါဂင်သည် သူအခင်ဆုံးနှင့် သံယောဇဉ်အတွယ်ဆုံး လူတစ်ယောက်ဖြစ်လာခဲ့သည်။ သူ အားလ်စ်မြို့သို့ ရောက်သွားသည့်အခါ ဂေါဂင်အား သူနှင့်အတူ လာရောက်နေထိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ ဂေါဂင်သည် ၁၈၈၈ ခုနှစ်အောက်တိုဘာလထဲတွင် အားလ်စ်မြို့သို့ ရောက်လာသည်။ ပန်းချီဆရာနှစ်ယောက်သည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပန်းချီများကို ရေးဆွဲကြသည်။

မည်သို့ပင်ဖြစ်စေ အတူတူနေထိုင်ခဲ့သည့် နှစ်လတာကာလအတွင်း သူတို့နှစ်ယောက်သည် အမြဲတစေ ငြင်းခုံကြသည်။ ရန်ဖြစ်ကြသည်။ သူတို့နှစ်ယောက်သည် အကျင့်စရိုက်ချင်း မတူကြသည့် အားလျော်စွာ အတွေးအမြင်ချင်းလည်း မတူကြချေ။ မဆုံးနိုင်သောငြင်းခုံမှုများကြောင့် နောက်ဆုံးတွင် ဗင်းဆင့်ဘက်မှ သည်းမခံနိုင်အောင်ဖြစ်လာခဲ့သည်။ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည့် စိတ်ဝေဒနာကြောင့် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဗင်းဆင့်သည် ဂေါဂင်အား ဓားနှင့်ထိုးရန် နှစ်ကြိမ်မျှ အားထုတ်ခဲ့သည်။ ယင်းအားထုတ်မှုသည် ဗင်းဆင့်ကိုယ်တိုင် သူ့နားရွက်ဖျားကို ဓားနှင့်လှီးပစ်ခြင်းအားဖြင့် အဆုံးသတ်သွားခဲ့၏။ စိတ်ဝေဒနာနှင့် ပတ်သက်၍ ပထမဆုံးအကြိမ်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာ၏ အရိပ်လက္ခဏာဖြစ်ပေသည်။

၁၈၈၉ ခုနှစ် မေလတွင် သူ့အား စိန့်–ရီမီ–ဒီပရောဗင့်စ်[၆] စိတ္တဇဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ခဲ့ရ၏။ သူ့အား အနီးကပ်စောင့်ကြပ်ကြည့်ရှုကုသပေးရန် လိုအပ်သည်ဟု ယူဆ၍ဖြစ်သည်။ သို့သော်လည်း သူ၏ စိတ်ကျန်းမာရေးအခြေအနေမှာ တိုးတက်မလာချေ။ ဤဆေးရုံ၌ တစ်နှစ်မျှနေပြီးနောက်

---

၁။ Bernard
၂။ Pissarro
၃။ Seurat
၄။ Signac
၅။ Gauguin
၆။ Saint-Remy -de-Provence


mgyoe.com

mgyoe.com


ဩဗားစ်–ဆာအွိုက်ဆီ[၁] စိတ်ရောဂါ အထူးကုဆေးရုံသို့ ပြောင်းရွှေ့ခဲ့သည်။ ယင်းဆေးရုံတွင် သူသည် အက်ပရက်ရှင်းနစ် ပန်းချီဝါသနာရှင် ဒေါက်တာဂါးချက်[၂] နှင့် ဆုံမိကြသည်။

တစ်နှစ်မျှကြာသောအခါ သူ၏စိတ်ရောဂါသည် အတော်အသင့်သက်သာလာသည်။ သူသည် သီအိုနှင့်ခဏတစ်ဖြုတ်နေထိုင်ရန် ပါရီမြို့သို့ ရောက်လာခဲ့သည်။ အရာရာတိုင်းသည် ဗင်းဆင့်အတွက် အဆင်ပြေနေပြီဟု ယူဆရ၏။ သို့သော်လည်း စိတ်ရောဂါ၏ ပြင်းထန်သော တိုက်ခိုက်မှုကိုခံရသဖြင့် သူ့ကိုယ်သူ သေနတ်နှင့် ပစ်ခဲ့သည်။ နှစ်ရက်မျှအကြာ ၁၈၉၀ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ သူ့အချစ်ဆုံးညီသီအိုနှင့် သူ့အခင်ဆုံး မိတ်ဆွေဂါးချက်တို့သည် သူ့ဘေး၌ ရှိနေကြ၏။

*

၁။ Auvers - Sur Oise
၂။ Doctor Gachet

mgyoe.com

mgyoe.com

# သူ့အချိန်သူ့ကာလ

mgyoe.com



ပန်းချီကားဒေါက်ရှေ့မှ ကိုယ်တိုင်ရေးပုံတူ၊ ၁၈၈၈

mgyoe.com

mgyoe.com




မိမိကိုယ်မိမိ ပြန်ကြည့်ပြီး ရေးဆွဲထားသည့်
နားရွက်တစ်ဖက်ပတ်တီးနှင့်ပုံတူပန်းချီ–၁၈၈၉


mgyoe.com

mgyoe.com


**ပန်းချီဆရာတစ်ဦးအတွက် သေခြင်းသည် သည်းမခံနိုင်လောက် အောင် ဆိုးဝါးပြင်းထန်သည့် အရာမဟုတ်ပေ။**

**ဗင်းဆင့်ဗင်းဂိုး**

ဗင်းဆင့်အသက်ထင်ရှားရှိနေစဉ်က သူ့ပန်းချီကားများကို တန်ဖိုးထားသူ အရေအတွက်သည် အနည်းငယ်မျှသာရှိ၏။ ဗင်းဆင့်၏ လက်ရာများကို ဝေဖန်သူ အနည်းငယ်ထဲတွင် **အဲလ်ဘတ်သြရီးယား**[၁] အမည်ရှိ လူငယ်ကဗျာဆရာ တစ်ယောက်ရှိသည်။ ထိုစဉ်က ပြင်သစ်နိုင်ငံတွင် **ဆင်ဘိုလစ်ဇင်း**[၂] အယူအဆ သည် ပြင်သစ်နိုင်ငံ ပန်းချီဆရာလောက၌ အရှိန်အဝါအမြင့်ဆုံးသို့ ရောက်နေချိန် ဖြစ်သည်။ ယင်းအယူအဆမှာ အရာဝတ္ထုတစ်ခုကို ပကတိအတိုင်း အတွင်းကျကျ ပုံဖော်ရေးသားခြင်းကို သင်္ကေတနည်းဖြင့် သို့မဟုတ် အထိမ်းအမှတ် လက္ခဏာရပ် တစ်ခုခုဖြင့် ရေးဆွဲဖော်ကျူးခြင်းကို အလေးအနက်ပြုသည့်အယူအဆဖြစ်၏။

၁၈၉၂ ခုနှစ် ဝန်းကျင်တွင် ယင်းအယူအဆသည် များစွာခေတ်စားလျက် ရှိသဖြင့် အုပ်စုများကွဲကာ တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံနေကြချိန်ဖြစ်သည်။ ဗင်းဆင့်၏ လက်ရာ ပန်းချီကားများအပေါ်၌ စိတ်ဝင်စားလျက်ရှိသောကဗျာဆရာ အဲလ်ဘတ် သြရီးယားကတော့ ဗင်းဆင့်ဗင်းဂိုးသည် ပန်းချီလောကတွင်ထူးခြား သော ပန်းချီဆရာတစ်ဦးအဖြစ် ရပ်တည်နေသည်ဟု ဆိုခဲ့ရုံမျှမက ဂေါဂင်၊ ရက်ဒွန်၊ ဆောရက်၊ တော်လိုဆီလောထရက် စသော ပန်းချီဆရာများထက် သာလွန်နေသည်ဟု ဝေဖန်ခဲ့သည်။

---

၁။ Albert Aurier

၂။ Symbolism


mgyoe.com

mgyoe.com


အဲလ်ဘတ် ဩရီးယားစ်၏ အလိုအရဆိုလျှင် ဗင်းဆင့်သည် လူ့ခံစား ချက်များကို နက်ရှိုင်းစွာ မြင်ပြီးမှဆွဲသော ပန်းချီဆရာဖြစ်သည်။ သူရေးဆွဲသော ပန်းချီကားများသည် အပေါ်ယံအပြင်ပန်း အသွင်အပြင်ကိုသာ ယူထားသည် မဟုတ်။ သူမြင်နေရသည့် အသွင်အပြင်များအပေါ် သူခံစားသိရှိနားလည်ထား သည့်အတိုင်း စုတ်ချက်တင်တတ်သူဖြစ်၏။ သူ့မျက်စိအမြင်ပေါ်၌ ခံစားမှု ထပ်တင်ကာ ရေးဆွဲခြင်းဖြစ်သည်။ သူ့ခံစားမှုကို စိတ်ကူးယဉ်မှ ပေါက်ဖွား ရယူခဲ့သည်မှာ မှန်သော်လည်း ယင်းစိတ်ကူးယဉ်မှုသည် ကြည့်သူမြင်သူများ အနေဖြင့် နားလည်နိုင်စွမ်းရှိသည်။ နက်နဲခက်ခဲခြင်းမရှိ။ သဘာဝနှင့်ကင်းကွာ သွားခြင်းမရှိ၊ လွတ်ထွက်သွားခြင်းမရှိ။

သူ့ပန်းချီသည် သဘာဝအတိုင်းဖြစ်ပေါ်လာသည့် စစ်မှန်မှုနှင့် ဝေးကွာ မသွား။ သူ လေ့လာသိရှိထားသည့် စစ်မှန်မှုထဲမှ ပေါက်ဖွားလာခြင်းသာဖြစ်သည်။ ဤနေရာတွင် ဗင်းဆင့်ဗင်းဂိုးသည် သူနေထိုင်ရာ ကမ္ဘာလောကအတွင်းမှ တကယ်စစ်မှန်သော အရာကိုသာ ဦးစားပေး၍ စိတ်ကူးယဉ်ကမ္ဘာကို ဖန်တီးပြီးမှ ရယူရေးဆွဲသော အလေ့အထမရှိ၊ ဤအဆိုနှင့် ပတ်သက်၍ နေကြာပန်းများ (၁၈၈၈)[၁]၊ ကြယ်ဝေသောည (ဇွန်–၁၈၈၉)[၂] နှင့် လာကရောမှ ကောက်ရိတ်ချိန် (၁၈၈၈)[၃] စသည့် ပန်းချီကားများကို ညွှန်ပြခဲ့သည်။

ဗင်းဆင့်၏ ပန်းချီကားများကို ကြည့်လျှင် သဘာဝ၏စစ်မှန်မှုကိုလည်း ကောင်း၊ သူ၏ပြင်းထန်သော ဆန္ဒနှင့် ခံစားမှုများကိုလည်းကောင်း တွေ့ရသည်ဟု ဆိုကြသည်။ ပန်းချီကားအပေါ်၌ သက်ရောက်နေသော သူ၏ဩဇာအရှိန်အဝါကို အခြားလူများ အပေါ်၌ပါ သက်ရောက်လွှမ်းမိုးနိုင်စွမ်း ရှိသည်ဟုလည်း သုံးသပ်ကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ပန်းချီကားများထဲတွင် သူ့ခံစားမှုများကို မြင်တွေ့ကြရသည်မှာ အမှန်ပင်ဖြစ်သည်။ နှောင်းခေတ် ပန်းချီဝေဖန်ရေး ဆရာများကလည်း ပြောကြလေသည်။

*

---

၁။ Sunflowers (1888)

၂။ The Starry Night -June 1889

၂။ Harvest At La Crau (1888)


mgyoe.com

mgyoe.com


ဗင်းဆင့်ဗင်းဂိုး၏ အောင်မြင်ကျော်ကြားသော ပန်းချီကားများသည် သူနှစ်ပေါင်းများစွာ အပြင်းအထန်အပင်ပန်းခံ၍ လေ့လာလိုက်စားခဲ့သမျှအပေါ်၌ အခြေခံသည်။ သူငယ်စဉ် သူ့ငယ်ဘဝက ဗင်းဆင့်သည် အိမ်များနှင့် ရှုမျှော်ခင်းများ ရေးဆွဲနေရခြင်းအပေါ်၌ များစွာ သာယာခဲ့သည်။ သို့သော်လည်း ထိုစဉ်ကတော့ ပန်းချီပညာအား အသက်မွေးမှုဆိုင်ရာ အလုပ်တစ်ခု ဟု မမြင်ခဲ့ပေ။

ပန်းချီအရောင်းအဝယ်လုပ်ငန်းထဲဝင်၍ အရောင်းသမားဖြစ်လာသည့်အခါ သူသည် ပန်းချီကားများနှင့် အထိအတွေ့ရှိလာသည်။ ပန်းချီကားအပေါ်၌ ခံစားတတ်လာသည်။ ထို့နောက် သာသနာပြု တစ်ယောက်ဘဝတွင် အရှုံးများနှင့်သာ ရင်ဆိုင်ခဲ့ရသည်မှစ၍ သူ့အာရုံသည် ပန်းချီအပေါ် ညွတ်လာခဲ့သည်။ အထူးသဖြင့် ဆင်းရဲတွင်းနစ်နေသော ကျောက်မီးသွေးတွင်းတူး အလုပ်သမားများနှင့် မိသားစုများ၏ဘဝကို ဖော်ပြလိုသော ဆန္ဒ၏ပြင်းပြမှုကို အခြေခံ၍ ပန်းချီဆွဲလိုသည့်စိတ်သည် ပေါက်ဖွားလာခဲ့သည်။

သူ ပန်းချီဆွဲလာသည့်အခါ သူသည် သူ့ခေတ်က ပန်းချီဆရာများထဲမှ မစ်လက်[၁]ကို အထင်အမြင် အကြီးဆုံး ဖြစ်ခဲ့သည်။ သူ့အား အမြင်သစ်များကို ဖွင့်ပေးခဲ့သည်ဟုပင် ဆိုခဲ့သည်။ သူ့ခေတ်တွင် ထင်ရှားကျော်ကြားနေကြသည့် ရှေးပန်းချီဆရာကြီးများထဲမှ သူ အနှစ်သက်ဆုံးနှင့် အလေးစားဆုံး ပုဂ္ဂိုလ်များမှာ ရမ်းဘရန့်[၂]နှင့် ဟောလ်[၃]တို့ဖြစ်သည်။ ထိုစဉ်ကတည်းက သူ့စိတ်သည် ပန်းချီရေးဆွဲရာ၌ ဟန်ထက် ခံစားမှုကို အသားပေးခြင်းအပေါ်၌ စူးစိုက်ခဲ့သည်။

သူ၏ အစောပိုင်းကာလက ရေးဆွဲခဲ့သောပုံများမှာ နည်းပညာရှုထောင့်မှ ကြည့်လျှင် အချိုးအစားမကျသဖြင့် ကိုးရိုးကားရားဖြစ်နေသည်။ ပုံကြမ်းများမှာ အပျင်းပြေ အပျော်တမ်းဆွဲထားသည့်ပုံများသာ တူနေသည်၊ သူ့အားနည်းချက်ကိုမြင်သော ဗင်းဆင့်သည် သူ့ဝမ်းကွဲအစ်ကို ပန်းချီဆရာ အင်တွန်မောဗီး[၄] ထံချဉ်းကပ်ခဲ့သည်။ မောဗီး၏အကြံပေးချက်များသည် သူ့လက်ရာကို တိုးတက်လာစေခဲ့သည်။ အစွမ်းအစရှိနေသော မောဗီးမှတစ်ဆင့် အခြားပန်းချီဆရာများနှင့်ပါ သိကျွမ်းခင်မင်ခွင့် ရလာခဲ့လေသည်။

---

၁။ Millet
၂။ Rembrandt
၃။ Hals
၄။ Anton MAUVE


mgyoe.com



မုန်လာဥစိုက်နေသည့် လယ်သူမ – ၁၈၈၅

ဟော့ဂ်မြို့၌နေထိုင်ခဲ့သည့် ၁၈၈၂ ခုနှစ်တွင် သူသည် ပန်းချီကို အခြေတကျ အခိုင်အမာစဆွဲသည်။ ထိုအချိန်တွင် သူသည် ဆီဆေးကို မနိုင်သေး။ ရေဆေးကိုသာ အများဆုံးသုံးခဲ့သည်။ လူပုံကြမ်းများ ရေးဆွဲရာ၌ သူ့ခေတ်က ထင်ရှားနေသော အင်္ဂလိပ်ပန်းချီလောကမှ ဆင်းသက်လာသည့် ဟန်ကို အများဆုံး ယူခဲ့သည်။

ထိုအချိန်က သူဆွဲခဲ့သောကားများတွင် သူ့အယူအဆတစ်ခုကို အထင်အရှား မြင်ရသည်။ ပင်ပန်းကြီးစွာ အလုပ်လုပ်နေရသဖြင့် အရိုးအကြောများ ပြိုင်းပြိုင်းထကာ မလှမပဖြစ်နေသည်များကို ပေါ်လွင်အောင် ပြလေ့ရှိ၏။



mgyoe.com

mgyoe.com


သို့သော်လည်း ပုံသဏ္ဌာန်ကို ဖော်သည့်လိုင်းများ၊ ထုထဲလွန်းသော်လည်း ရဲရင့်ပြတ်သားထင်ရှားသည့် စုတ်ချက်များကို တွေ့မြင်ကြရသည်။ ဥပမာပြရလျှင် မုန်လာဥစိုက်နေသည့် လယ်သူမ (၁၈၈၅)[၁] ပန်းချီကား၌ ထိုအချက်များကို မြင်နိုင်သည်။ ထိုကားတွင် ကြမ်းတမ်းခက်ထရော်မှုနှင့် ခံစားမှုများ၊ အလုပ်ပင်ပန်းလွန်း၍ ရုပ်အဆင်းအင်္ဂါပျက်မှုများနှင့် အားမာန်အပြည့်ရှိသော စုတ်ချက်များကိုလည်း တွေ့မြင်နိုင်သည်။

ထိုစဉ်က ဗင်းဆင့်၏ ပန်းချီဟန်သည် ဒတ်ချ်ဟန်ဖြစ်သည်။ ပန်းချီဆရာ ရမ်းဘရန့်နှင့် ဟောလ်တို့အား အတုယူမှုများနှင့် မကင်းသေး။ ပြင်သစ်နိုင်ငံ ပါရီမြို့၌ တိုးတက်ဖြစ်ထွန်းနေသည့် ပန်းချီပညာ၏ အခြေအနေကလည်း သူ့အား မလွှမ်းမိုးသေး။ သို့သော်လည်း သူ့လက်ရာများ၏ ခေတ်မမီမှုကိုမူ သိမြင်နေသည်။ သူသုံးနေသည့် မူလနည်း မူလဟန်များနှင့် လမ်းမခွဲ၍မဖြစ်ဟု နားလည်လာသည်။ သူ ပါရီမြို့တော်သို့ ရောက်ခဲ့ပြီးနောက် နောက်ပိုင်းတွင်မူ သူသည် လုံးဝခြားနားသောနည်းများကို အသုံးပြုလာခဲ့လေသည်။

✱

ဗင်းဆင့်သည် ပထမပိုင်းတွင် အရောင်ကို ခပ်ပေါ့ပေါ့ သဘောထားခဲ့သူဖြစ်သည်။ အရောင်သုံးမှုအပေါ်တွင် အလေးအနက် မထားဘဲ စွန့်ပယ်ထားခဲ့သည်ဟုပင် ဆိုကြသည်။ သို့သော်လည်း ဂျပန်ဆေးရောင်စုံ ပုံနှိပ်ပန်းချီကားများကို မြင်တွေ့လေ့လာရာမှ အရောင်အပေါ် စိတ်ဝင်စားမှုတိုးလာသည်။ ယင်းစိတ်ဝင်စားမှုသည်၁၈၈၅ ခုနှစ် အန်တဝပ်၌ နေထိုင်စဉ် ဆောင်းရာသီကာလအတွင်း၌ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်၏။

သူသည် သူ၏ပန်းချီဆွဲရာ၌ အသုံးပြုနေသည့် ဟန်ကိုလည်း ပြုပြင်ပြောင်းလဲပစ်ရန် ဆုံးဖြတ်လိုက်သည်။ သူ့ညီ သီအိုက ရေးလိုက်သည့်စာထဲမှ ပါရီမြို့တော် ပန်းချီဆရာများအကြောင်းကို သတိရသည်။ ထိုပန်းချီဆရာများ၏ အရောင်သုံးပုံသုံးနည်းနှင့် နေရောင်ခြည်၏ တောက်ပမှုအသုံးချပုံအကြောင်းကို တွေးမိလာသည်။ သူသည် ၁၈၈၆ ခုနှစ်ထဲတွင် ပါရီမြို့တော်သို့ ဆိုက်ရောက်သွားခဲ့၏။

ပါရီ၌ နှစ်နှစ်နေခဲ့ရခြင်းသည် ဗင်းဂိုးအတွက် သူ၏ နည်းပညာဖွံ့ဖြိုး

၁။ Peasant Woman Planting Bee Troot 1885


mgyoe.com

mgyoe.com


တိုးတက်ရေးကို လမ်းသစ် ရရှိစေခဲ့သည်။ အသက်သုံးဆယ့်သုံးနှစ် အရွယ်ရောက်ကာမှ သူသည် ပန်းချီကို နည်းပညာသစ်ဖြင့် ရေးဆွဲခဲ့ရပြန်သည်။ သူ ယခင်က လက်ခံထားခဲ့သော ရိုးရာပန်းချီရေးဆွဲမှုနည်းပညာ အားလုံးကို ဆန့်ခါချသည့်နှယ် ခါချပစ်လိုက်သည်။ ထိုအချိန်က ခေတ်စားလျက်ရှိသော အင်ပရက်ရှင်းနစ်တို့၏ အတွေးအမြင်အယူအဆများ၏ ဩဇာလွှမ်းမိုးမှုကိုလည်း သူ လက်ခံခြင်း မပြု။

ထိုစဉ်အခါက ခေတ်မီ ပန်းချီဆရာများဖြစ်ကြသော အင်ပရက်ရှင်းနစ်များသည် အုပ်စုနှစ်စုကွဲလျက်ရှိသည်။ ဗင်းဂိုးသည် ယင်းအုပ်စု နှစ်စုဝင် ပန်းချီဆရာများနှင့် ဆွေးနွေးခြင်းခုံခြင်း ပြုသော်လည်း ယင်းတို့၏ နောက်လိုက်အဖြစ်ကိုမူ အရောက်မခံခဲ့ပေ။ နှစ်ဖွဲ့စလုံးသည် သူ့သဘာဝနှင့် စိမ်းလျက်ရှိသည်။ ပထမအုပ်စုသည် တင်းကျပ်ပြင်းထန်လွန်းသော စည်းမျဉ်းများ ချမှတ်ထားခြင်းကြောင့်ဖြစ်သည်။ ဒုတိယအုပ်စုမှာ ပညာရှင်ဆန်လွန်းပြီး စစ်မှန်မှုနှင့် ဝေးနေသောကြောင့်ဖြစ်သည်။

ဗင်းဆင့်သည် အဖွဲ့နှစ်ဖွဲ့၏ အယူအဆအားလုံးကို လုံးဝစွန့်ပယ်ခြင်းကား မပြုပေ။ သူတို့ထံမှ သူ့အတွက် အသုံးဝင်မည့် နည်းနာဟူသမျှကို ရယူသည်။ ပထမအုပ်စုထံမှ အရောင်များအား တခမ်းတနားသုံးခြင်းကို ယူသကဲ့သို့ ဒုတိယအုပ်စုထံမှ ရဲဝံ့ပြတ်သားသော စုတ်ချက်အသုံးပြုပုံများကို ယူသည်။ အထူးသဖြင့် အန်တဝပ်မြို့ရှိ သူ့အခန်းထဲ၌ ချိတ်ဆွဲထားသော ဂျပန်ပုံနှိပ်ပန်းချီများမှ အရောင်သုံးပုံများသည် သူ့အမြင် အာရုံထဲမှ ပျောက်မသွား။ ပါရီ၌ ရောက်နေစဉ်အတွင်းမှာပင် ထိုပန်းချီများကို စံနမူနာယူ၍ သူ့ပန်းချီကားများထဲ၌ ထည့်သွင်းရေးဆွဲသည်။ အချို့သော ပုံတူပန်းချီကားများတွင် နောက်ခံအဖြစ် အသုံးပြုထားသည်။

ဗင်းဂိုး၏ အတွေးအခေါ်ထဲတွင် အရှေ့တိုင်း ပန်းချီပညာ၏ သဘောသဘာဝနှင့် ခံယူချက်များ ဆက်စပ်ပါဝင်လျက်ရှိသည်။ သို့သော်လည်း သူ ရယူအသုံးပြုသွားပုံမှာ နားလည်ရန် မလွယ်ဟု ဆိုကြသည်။ ထိုခေတ်က ပါရီမြို့ရှိ 'ဘင်ပန်းချီပြခန်း'၌ ရှိခဲ့သော ဟိုကုဆိုင်[၁]၊ ဟီရိုးရှိဂျီ[၂]နှင့် ယူတာမာရို[၃]

၁။ Hokusai
၂။ Hiroshige
၃။ Utamaro


mgyoe.com

mgyoe.com

တို့၏ ပန်းချီကားများသည် ဗင်းဆင့်သဘောကျခဲ့သော ပန်းချီကားများဖြစ်သည်။ ယင်းတို့၏ ဩဇာလွှမ်းမိုးမှုကို ၁၈၈၆ ခုနှစ် ကုန်ခါနီးနှင့် ၁၈၈၇ ခုနှစ်အစပိုင်း ကာလများ၌ ဗင်းဆင့်ရေးဆွဲခဲ့သော ပန်းချီကားများတွင် တွေ့နိုင်သည်။

သူသည် အရောင်အစက် အပြောက်ကလေးများကို အသုံးပြုခြင်းအားဖြင့် ပန်းချီကားများရှိ အရောင်များ ပိုမို၍ တောက်ပြောင်လာနိုင်သည်ကို သတိထားမိခဲ့သည်။ ယင်းနည်းနှင့်ပတ်သက်၍ သူသည် ဆောရက်နှင့် ဆစ်ဂနက်တို့၏ နည်းလမ်းကို တိုက်ရိုက်မယူဘဲ သူ့နည်းသူ့ဟန်နှင့် တီထွင်၍ ရေးဆွဲသွားသည်ကို တွေ့ရသည်။ ယင်းသို့ ရေးဆွဲရာ၌ ပန်းချီဆရာ ဆစ်ဂနက်၏ ရေးဆွဲမှုနှင့် ပိုမိုနီးစပ်သည်ဟု ပန်းချီပညာရှင် အချို့ကဆိုကြသည်။

*

ပါရီမြို့တော်၌ နေထိုင်ခဲ့ရသည့် နှစ်နှစ်တာကာလအတွင်း ဗင်းဆင့်သည် ပန်းချီပညာနှင့် ပတ်သက်၍ အသိအမြင်များစွာ တိုးတက်ခဲ့သည်။ သူ၏ ဆန်းသစ်သော အယူအဆနှင့် ထင်မြင်ချက်များကို သူ့အပေါင်းအသင်း ပန်းချီဆရာများအား တင်ပြနိုင်ခဲ့သည်။ ၁၈၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် သူသည် အားလ်စ်မြို့သို့ ပြန်ရောက်ခဲ့၏။ သူ၏ကိုယ်စိတ်နှစ်ပါးကို ပန်းချီရေးဆွဲခြင်းအပေါ်၌ ပြင်းထန်စွာ စူးစိုက်ထားခဲ့သည်။

ပထမတွင် သူရေးဆွဲသည့် ပန်းချီများထဲ၌ ပြောင်းလဲမှုအနည်းငယ်မျှသာ တွေ့ရ၏။ သို့သော်လည်း ထိုနှစ် နွေရာသီရောက်သည့်အခါ သူသုံးသော အရောင်များသည် ပိုမို၍ ထူထပ်သိပ်သည်းလာသည်။ သုံးသမျှ အရောင်များသည် ယခင်ကထက် ပိုမိုတောက်ပြောင်လာသည်ကို တွေ့ရသည်။ ယင်းလုပ်ရပ်သည် သူ၏ တိုးတက်မှုကို ဖော်ပြနေခြင်းဖြစ်သည်ဟု အချို့ကပြောကြသည်။

*

စိတ်ရောဂါ၏ တိုက်ခိုက်မှုကို ခံရပြီးသည့်အချိန်မှစ၍ ဗင်းဆင့်၏ ဘဝသည် တစ်နေ့ထက်တစ်နေ့ မပျော်မရွှင် ဖြစ်လာသည်။ သူ့အလုပ်ကိုလည်း ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်တော့ပေ။ အထူးသဖြင့် ရုတ်တရက် စိတ်ရူးပေါက်ကာ ဂေါ်ဂင်အားနှစ်ကြိမ်တိုင်တိုင် သတ်ဖြတ်ရန် အားထုတ်ပြီးကတည်းက သူသည် စိတ်မချမ်းမြေ့သည့်ဒဏ်ကို ခံစားခဲ့ရသည်။ သူသည် လုပ်နေကျ အလုပ်ကို တည်ငြိမ်အေးဆေးစွာ မလုပ်နိုင်သဖြင့် စိတ်ကျသည့် ဝေဒနာကိုလည်း


mgyoe.com

mgyoe.com


ခံစားခဲ့ရသည်။

သူ့အဖြစ်ကို ကောင်းစွာနားလည်နေကြသော အိမ်နားနီးချင်းများက သူ့အား အားလပ်စ်ဆေးရုံသို့ တက်ရောက်ကုသခံရန် ဖျောင်းဖျကြသည်။ သူ့အတွက်ကတော့ ထိုဖျောင်းဖျမှုများသည် ပြင်းထန်သော ထိုးနှက်ချက်ကြီး တစ်ခုဖြစ်သည်။ သူသည် မိမိကိုယ်မိမိ ယုံကြည်စိတ်ကင်းမဲ့သွားရ၏။ သူ့အား ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် စိတ်ရောဂါသည် နောက်ထပ် ဝင်လာလိမ့်ဦးမလား။ သူသည် နေ့စဉ်နှင့်အမျှ ဘဝမလုံမခြုံဖြစ်ကာ ထိတ်လန့်ချောက်ချားနေရရှာ၏။ နောက်ဆုံးတွင် သူ့စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ကာ စိန့်–ရီမိ စိတ်ရောဂါကု ဆေးရုံသို့ တက်ရောက်ခဲ့သည်။

ထိုအချိန်မှစ၍ သူ့ဘဝသည် သာမန်ဘဝမျိုးမဟုတ်တော့ပေ။ ပန်းချီဆွဲနိုင်သည့် အချိန်ကလေး၌သာလျှင် သူ့ဘဝသည် သာမန်နေအထား၌ ရှိနေသည်ဟု ပြောနိုင်သည်။ မည်သို့ပင်ဖြစ်စေ စိတ္တဇဆေးရုံ၌ နေခဲ့ရသည့် တစ်နှစ်တာကာလအတွင်း သူသည် ပန်းချီကားပေါင်း ၁၅၀ ခန့် ရေးဆွဲနိုင်ခဲ့သည်။ သူ့အဖို့ ပန်းချီဆွဲနေရသော အချိန်ကာလသည် ကမ္ဘာလောကနှင့် ဆက်သွယ်နေရသည့် အချိန်ပင် ဖြစ်သည်။

၁၈၉၀ ခုနှစ် မေလတွင် ဗင်းဂိုးသည် စိန့်–ရီမိဆေးရုံမှဆင်းပြီး သြဗား–ဆာအွိုက်ဆီရှိ ဒေါက်တာဂါးချက်ထံ သွားရောက်မည်ဟု ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်သည်။ ဆရာဝန်ဂါးချက်မှာ သူကိုယ်တိုင်က ပန်းချီဆရာ တစ်ယောက်ဖြစ်၍ ဗင်းဆင့်၏မိတ်ဆွေများဖြစ်သော ဆီဇန်နီနှင့် ပစ်ဆာရိုတို့၏ မိတ်ဆွေဖြစ်သည်။ ဒေါက်တာဂါးချက်ကလည်း ဗင်းဆင့်အား ဆေးဝါးကုသစောင့်ရှောက်ပေးရန် တာဝန်ယူခဲ့သည်။ စိတ္တဇဆေးရုံမှ ဆင်းလာပြီးကတည်းက သူသည် ပျော်ရွှင်လျက်ရှိသည်။ ပြင်ပကမ္ဘာနှင့်လည်း အေးအေးဆေးဆေးပင် ဆက်ဆံနေထိုင်လျက်ရှိ၏။

ဇူလိုင်လထဲရောက်သည့်အခါ ဗင်းဂိုးသည် သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်ခဲ့သည်။ သူ ခံစားနေရသည့် စိတ်ဒုက္ခမှ လွတ်မြောက်ရာနည်းလမ်းကို ရှာဖွေခြင်းဖြစ်သည်။ သေနတ်နှင့် ပစ်ခတ်ချိန်တွင် နေသည် သာလျက်ရှိ၏။ သူ ပန်းချီဆွဲသည့်အခါ ရယူလိုသော အရောင်ဖြစ်သည်။ ပတ်ပတ်လည်ရှိ မြေပြင်ပေါ်တွင်လည်း ဂျုံခင်းများသည် ရွှေရောင်သန်းနေကြသည်။ မိုးကောင်းကင်


mgyoe.com


mgyoe.com


သည် ခါတိုင်းနေ့များထက် အပြာရောင်လွှမ်းခြုံထားသည်။ သူ့သေနတ်သံကြောင့် ကျီးကန်းအမြောက်အမြားသည် အလန့်တကြား ထပျံကုန်ကြသည်။ ယင်းဖြစ်ရပ်သည် ထိုလထဲမှာပင် သူရေးဆွဲခဲ့ဖူးသည့် ပန်းချီကားတစ်ကားနှင့် ထပ်တူထပ်မျှ တူလျက်ရှိ၏။ (ဂျုံခင်းများထဲမှ ကျီးကန်းများ–၁၈၉၀)

သူ သေဆုံးသွားပြီးနောက်ပိုင်းတွင် သူ့ပန်းချီကားများအပေါ်၌ လူအများကစိတ်ဝင်စားလာကြသည်။ သူ့ပန်းချီကားများ၏ ဩဇာအရှိန်အဝါသည် အခြားပန်းချီဆရာများအား လွှမ်းမိုးလာသည်။ ယနေ့ခေတ်တွင်မူ ဗင်းဆင့် ဗင်းဂိုး၏ အမည်သည် ပန်းချီသမိုင်းတွင် ထူးထူးခြားခြား မှတ်တမ်းတင်ရမည့် စံပြပန်းချီဆရာကြီးတစ်ဦး ဖြစ်လာခဲ့လေသည်။

*

mgyoe.com



ကောက်ရိုးဦးထုပ်နှင့် ကိုယ်တိုင်ရေးပုံတူ၊ ၁၈၈၇

mgyoe.com

mgyoe.com

# ကျွန်မသိသော ဗင်းဆင့်ဗင်းဂိုး

## မဒမ်ဂျေ၊ ဗင်းဂိုးဘွန်ဂျာ

mgyoe.com

mgyoe.com

(၁)

မိသားစု၏ မျိုးရိုးနာမည်သည် ဗင်းဂိုး (Van Gogh) ဖြစ်သည်။ ထိုနာမည်သည် ဂျာမန်နယ်စပ်အနီးရှိ "ဂိုး"အမည်ရှိ မြို့ငယ်လေးတစ်မြို့မှ ဆင်းသက်လာသည့် အမည်ဖြစ်ဖွယ်ရာရှိပါသည်။ သို့တစေလည်း ၁၆ ရာစုနှစ်အတွင်းတွင် ဗင်းဂိုး နွယ်ဝင်များသည် ဟော်လန်နိုင်ငံတွင် အခိုင်အမာ အခြေစိုက်မိကြပြီဖြစ်၏။ အာနိုးဘူချီလီးယပ်စ်၏ "ဆွေမျိုးအနွယ်စာရင်း"အရ ထိုအချိန်အခါက ဂျေကော့ ဗင်းဂိုးသည် ယူထရက်ချ်၌ အခြေစိုက်၍နေထိုင်ခဲ့သည်။ ထိုစဉ်က ဂျန်ဂျေ ကော့ဘ်၏သားသည် ဝိုင်နှင့်စာအုပ်များရောင်းချသည့် လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုခဲ့သည်။ သူသည် မြို့ပြကာကွယ်ရေးတပ်တွင် ကပ္ပတိန်ဖြစ်ခဲ့ လေသည်။

သူတို့၏ ရိုးရာအမှတ်တံဆိပ်ဖြစ်သော အမှတ်အသားကို သူတို့၏ အရက်ဆိုင်၌တပ်ဆင်ထားသည်ကို တွေ့ရ၏။ ယင်းမှာ နှင်းဆီပွင့် သုံးပွင့် ဖြစ်သည်။ ယင်းတံဆိပ်သည် ဗင်းဂိုးမျိုးနွယ်ဝင်တို့၏ အမှတ်တံဆိပ်အဖြစ် ယနေ့အချိန်ထိ ရပ်တည်နေဆဲဖြစ်သည်။

၁၇ ရာစုနှစ်များတွင် ဗင်းဂိုးမိသားစုနွယ်ဝင်အများအပြားသည် ဟော် လန်နိုင်ငံ၏ အစိုးရဌာနများတွင် အမြင့်ဆုံးသော ရာထူးများ ရရှိထားသည်ကို တွေ့ရ၏။ ဇမ်တ်ဖင်းမြို့မှ တရားသူကြီးဖြစ်သော ဂျိုဟန်းနတ်စ် ဗင်းဂိုးသည် ၁၆၂၈ ခုနှစ်တွင် ပြည်ထောင်စု၏ ဘဏ္ဍာစိုးအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံခဲ့ရသည်။ ပထမဦးစွာ ဘရာဇီးလ်နိုင်ငံတွင် ကောင်စစ်ဝန်ဖြစ်ခဲ့သော မိုက်ကယ်


mgyoe.com

mgyoe.com


ဗင်းဂိုးသည် ဖီးလင်း၏ ဘဏ္ဍာရေးဝန်ကြီးဖြစ်လာခဲ့သည်။

ထိုအချိန်လောက်မှာပင် ကော်နီးလီးယပ်စ် ဗင်းဂိုးသည် ဘော့စ်ရှာ့ပ်တွင် ခရစ်ယာန် ဘုန်းကြီးဖြစ်လာခဲ့၏။ သူ့သား မက်ထ်သိုင်းဖတ်မှာ ပထမတွင် ဂေါ်ဒါ၌ ဆရာဝန် လုပ်နေရာမှ နောက်ပိုင်းတွင် မူးဒရက်ချ်၌ ခရစ်ယာန်ဘုန်းကြီး ဖြစ်လာခဲ့သည်။

၁၈ ရာစု အစပိုင်းကာလတွင် ဗင်းဂိုးမိသားစု၏ လူမှုရေးအဆင့်သည် တစ်ဆင့်နိမ့်သွားခဲ့သည်။ ဟိတ်ဂ်မြို့၌ အခြေချခဲ့သော ဒေးဗစ်ဗင်းဂိုးသည် ရွှေနန်းကြိုးဆွဲလုပ်သား တစ်ယောက်အဖြစ် အသက်မွေးခဲ့သည်။ ယင်းဒေးဗစ်၏ ဒုတိယသား ဗင်းဆင့် (၁၇၉၂–၁၈၀၂)သည် 'ပန်းပုဆရာ'ဖြစ်၍ သူငယ်စဉ်က ပါရီမြို့၌ နေထိုင်ခဲ့ဖူးသည်။ သူ့အား အကြောင်းပြု၍ ပန်းချီပန်းပုအနုပညာ လုပ်ငန်းသည် မိသားစုအတွင်းသို့ ဝင်ရောက်လာသည်ဟု ပြောနိုင်လေသည်။

တစ်ကိုယ်တည်းဘဝဖြင့် ကွယ်လွန်သွားခဲ့သော ဒေးဗစ်သည် သူ့တူ ဂျိုဟန်နက်စ်(၁၇၆၃–၁၈၄၀)အတွက် အမွေအဖြစ် ငွေအတော်များများထားခဲ့ သည်။ ဂျိုဟန်နက်စ်မှာ ဒေးဗစ်၏အစ်ကိုအကြီးဆုံး ဂျန်ဗင်းဂိုး၏သားဖြစ်သည်။ ယင်းဂျိုဟန်နက်စ်သည် ပထမတွင် သူ့ဖခင်ကဲ့သို့ပင် ရွှေနန်းကြိုးဆွဲအလုပ် ဖြင့် အသက်မွေးခဲ့သော်လည်း နောက်ပိုင်းတွင် ကျမ်းစာသင်ဆရာတစ်ယောက် ဖြစ်လာခဲ့သည်။ ထို့နောက် ဟိတ်ဂ်မြို့မှ ကလွိုက်စတားဘုရားရှိခိုးကျောင်းတွင် စာရေးဖြစ်လာခဲ့၏။

ဂျိုဟန်နက်စ်သည် ဂျဟန်နာဗင်ဒါဗင်နှင့် လက်ထပ်ခဲ့သည်။ သူတို့၏ သား ဗင်းဆင့် (၁၇၈၉–၁၈၇၄)သည် သူ့ဦးကြီး ဗင်းဆင့်၏အမွေကို ဆက်ခံ ရယူသည့်အနေဖြင့် လေဒင်တက္ကသိုလ်၌ ဘာသာရေးပညာကို သင်ကြားခွင့် ရခဲ့သည်။ ဤဗင်းဆင့်သည် ကျွန်ုပ်တို့ ပန်းချီဆရာ၏ အဘိုးဖြစ်လေသည်။

အဘိုးဗင်းဆင့်သည် ဉာဏ်ပညာကြီးမားထက်မြက်သော ပုဂ္ဂိုလ်ကြီး ဖြစ်၍ တာဝန်သိစိတ်ဓာတ်လည်း ထူးထူးခြားခြားကြီးမားသူဖြစ်၏။ သူသည် လက်တင့်ကျောင်း၌ နေစဉ်ကတည်းက အလွန်ထူးခြားထင်ရှားသည့် ကျောင်းသား တစ်ဦးဖြစ်ခဲ့၏။ လေဒင်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ်ကာလတွင်လည်း သူ၏ထက်မြက်မှုကို တက္ကသိုလ်ကျောင်းအုပ်ကြီးက လူသိရှင်ကြားချီးကျူးခဲ့ ရသည်။ ယင်းတက္ကသိုလ်မှ သူဘွဲ့ရသည်မှာ ၁၈၁၁ ခုနှစ်တွင် ဖြစ်၍


mgyoe.com

mgyoe.com


သူ့အသက်မှာ နှစ်ဆယ့်နှစ်နှစ်မျှသာ ရှိပေသေးသည်။

သူ သင်းအုပ်ဘုန်းကြီးဖြစ်လာ၍ သူ့ဘဝသူ ကောင်းစွာဦးဆောင်နိုင်ချိန်တွင် သူသည် အီးအိတ်ချ် ဗီရိဒက်နှင့် လက်ထပ်ခဲ့သည်။ သူတို့ဇနီးမောင်နှံသည် ပထမဦးစွာ ဘင်ခ်ချော့ပ်၌ နေထိုင်သည်။ ထို့နောက် အော့ချ်တင်တွင်နေထိုင်၍ နောက်ဆုံးတွင် ဘရက်ဒါသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ သူ့ဇနီးသည် ဘရက်ဒါမှာပင် ကွယ်လွန်ခဲ့၍ သူကိုယ်တိုင်မှာလည်း သူကွယ်လွန်သည့် ၁၈၅၇ ခုနှစ်အထိ သူ့ဇနီး ခေါင်းချရာနေရာမှာပင် နေထိုင်သွားခဲ့သည်။ သေဆုံးချိန်အထိ သူသည် ဂုဏ်သိက္ခာမြင့်မားသော ပုဂ္ဂိုလ်ကြီးအဖြစ် အများ၏ လေးစားမှုကို ရရှိခဲ့သူ ဖြစ်လေသည်။

ဗင်းဆင့်ဗင်းဂိုးအမည်ရှိ ဤပုဂ္ဂိုလ်ကြီး ဇနီးမောင်နှံသည် သားသမီးဆယ့်နှစ်ယောက်မျှ မွေးဖွားခဲ့သည်။ ယင်းတို့အနက် တစ်ဦးမှာ မွေးကင်းစမှာပင် သေဆုံးခဲ့သဖြင့် သားသမီးဆယ့်တစ်ဦးမျှ ရှိခဲ့၏။ သမီးငါးယောက်အနက် နှစ်ဦးသည် ရာထူးကြီးကြီး အရာရှိကြီးများနှင့် အိမ်ထောင်ကျခဲ့၍ သုံးဦးမှာ အပျိုကြီးများအဖြစ် အရိုးထုတ်သွားခဲ့ကြသည်။

သားခြောက်ယောက်စလုံးသည် ဂုဏ်သိက္ခာမြင့်မားသော ပုဂ္ဂိုလ်များအဖြစ် ထင်ရှားခဲ့ကြသည်။ ယင်းတို့အနက် ဂျိုဟန်နက်စ်မှာ ရေတပ်တွင် ဝင်ရောက်အမှုထမ်းခဲ့ရာ ဒုတိယရေတပ်ဗိုလ်ချုပ်အထိ ဖြစ်သွားခဲ့သည်။ ပန်းချီပန်းပု အနုပညာပစ္စည်း အရောင်းအဝယ်လုပ်ငန်းရှင် ဖြစ်သွားခဲ့သော သားသုံးယောက်အနက် အကြီးဆုံးဖြစ်သော 'ဟင်းဒရစ်ဗင်းဆင့်'သည် သူ့လုပ်ငန်းကို ရော့တာဒမ်တွင် စတင်တည်ထောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘရပ်ဆဲ၌ အခြေစိုက်ခဲ့၏။

ဒုတိယသား ကော်နဲလီးယပ်စ်မာရီနပ်စ်သည် အမ်စတာဒမ်မြို့တွင် ထင်ရှားကျော်ကြားခဲ့သည့် စီအမ် ဗင်းဂိုးကုမ္ပဏီ၏ အကြီးအကဲဖြစ်လာသည်။ တတိယသားမှာ 'ဗင်းဆင့်'ဟု လူသိများသူဖြစ်၍ သူသည် သူ့တူနှစ်ဦးဖြစ်သော 'ဗင်းဆင့်နှင့် သီအို'တို့အပေါ်၌ များစွာ ဩဇာညောင်းခဲ့သူဖြစ်သည်။

ဗင်းဆင့်၏ သူငယ်ဘဝသည် ကျန်းမာရေးအားနည်းမှုကြောင့် အားလုံး စိတ်ဆင်းရဲခဲ့ကြရသည်။ တက္ကသိုလ်ပညာ ဆက်လက်သင်ယူရေးတွင်လည်း ကြီးမားသော အဟန့်အတားဖြစ်ခဲ့ရ၏။ ထို့ကြောင့်လည်း သူ့အပေါ်၌ မျှော်လင့်


mgyoe.com

mgyoe.com



ချက်ကြီးစွာထားခဲ့မိသော ဖခင်အဖို့ စိတ်ထိခိုက်ကြေကွဲစရာ ဖြစ်ခဲ့ရသည်။ သို့တစေလည်း ဗင်းဆင့်သည် ဟိတ်ဂ်မြို့၌ ဆိုင်ကလေးတစ်ဆိုင်ဖွင့်၍ ရောင်စုံဆေးများနှင့် ပုံဆွဲပစ္စည်းများ ရောင်းချခဲ့ရာ အောင်မြင်မှုရခဲ့သည်။ နှစ်အနည်းငယ်မျှအကြာတွင် သူ့ဆိုင်ကို တိုးချဲ့ကာ ပန်းချီကားအရောင်းခန်းမအဖြစ် ဖွင့်လှစ်ခဲ့ရာ ဥရောပတစ်လွှားတွင် ထင်ရှားကျော်ကြားသော ဆိုင်တစ်ဆိုင် ဖြစ်လာခဲ့လေ၏။

သူသည် ပါရမီထူးသူတစ်ဦးဖြစ်သည်။ အသိဉာဏ်ကလည်း အလွန်ထက်မြက်ပြီး ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသူဖြစ်သည်။ ထို့ကြောင့်လည်း နှစ်အနည်းငယ်အတွင်း ထိုအချိန်က တည်ရှိနေသော ပန်းချီလောကအပေါ်တွင် သူ့ဩဇာသည် များစွာလွှမ်းမိုးခဲ့သည်။ ဤသို့ဖြင့် ပါရီမြို့ရှိ ဂေါပစ်လ်က ဗင်းဆင့်အား သူနှင့်ဖက်စပ်တွဲ၍ လုပ်ငန်း ကမ်းလှမ်းခဲ့သည်။

ဗင်းဆင့်သည် ပါရီတွင် အခြေချသည်။ ဟိတ်ဂ်မြို့ရှိ ဆိုင်၏သူ့နေရာတွင် မစ္စတာတာစတီအား အကြီးအကဲအဖြစ်ထားသည်။ ဗင်းဆင့်နှင့်သီအို ညီအစ်ကိုနှစ်ယောက်သည် သူတို့ ဦးလေးဗင့်ဆင့်၏ ပါရီဆိုင်တွင် လုပ်ငန်းအတွေ့အကြုံကို ဆည်းပူးခွင့်ရခဲ့ကြသည်။ သူတို့နှစ်ဦး၏ဘဝတွင် ဂေါပစ်လ်တ်“ဆိုင်”သည် အရေးပါအရာရောက်သော အခန်းကဏ္ဍ၌ တည်ရှိခဲ့၏။

ဤဆိုင်တွင် သီအိုသည် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ရသည်။ အောင်မြင်သောလုပ်ငန်းရှင်တစ်ဦးဘဝသို့ တက်လှမ်းနိုင်ခဲ့၏။ ဗင်းဆင့်မှာမူ ဤဆိုင်တွင် ခြောက်နှစ်မျှသာ အလုပ်လုပ်ခဲ့ရသည်။ သို့သော်လည်း ဤဆိုင်သည် ဗင်းဆင့်အတွက် သံယောဇဉ်ကြီးစရာ တွယ်တာမြတ်နိုးစရာ နေရာဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ဗင်းဆင့်သည် သူ့ညီသီအိုထံရေးခဲ့သည့် စာတစ်စောင်၌ “ဒီနေရာဟာ အစ်ကို့အတွက် အကောင်းဆုံး၊ အခမ်းနားဆုံးနဲ့ အလှဆုံးနေရာ တစ်နေရာပါ”ဟု ရေးခဲ့ခြင်းဖြစ်သည်။

အဘိုးဗင်းဂိုး၏ သားခြောက်ယောက်တွင် တစ်ယောက်သာလျှင် အဖေ့အလုပ်ကို ဆက်ခံခဲ့သည်။ ထိုသူမှာ သီအိုဒိုရပ်စ် (ဖေဖော်ဝါရီ ၈ ရက် ၁၈၂၂ မှ မတ်လ ၁၆ ရက်၊၁၈၈၅)ဖြစ်၏။ သီအိုဒိုရပ်စ်သည် ယူထရက်ချ်တက္ကသိုလ်တွင် ဘာသာရေးပညာကို သင်ကြားကာ ဘွဲ့ရခဲ့ပြီး ၁၈၄၉ ခုနှစ်တွင် ဂရုတ်ဇွန်ဒတ်ရွာတွင် သင်းအုပ်ဆရာ ဖြစ်လာခဲ့သည်။



mgyoe.com

mgyoe.com

ထိုရွာမှာ ရွာငယ်ကလေးမျှသာဖြစ်၍ ဘယ်လ်ဂျီယံနိုင်ငံ နယ်ခြားဒေသ တစ်နေရာရှိ ဘရားဘန့်နယ်အတွင်း၌ တည်ရှိသည်။ သီအိုဒိုရပ်စ် ဗင်းဂိုးသည် ရုပ်ရည်အားဖြင့် လူချောတစ်ဦးဖြစ်၍ မြင်သူတိုင်းအတွက် နှစ်သက်ဖွယ်ရာ လူတစ်ဦးဖြစ်သည်။ သူသည် ရုပ်ရည်အားဖြင့်သာ နှစ်လိုဖွယ်ကောင်းသည် မဟုတ်၊ စိတ်နေစိတ်ထားလည်း ကောင်းသူဖြစ်သည်။

သို့တစေလည်း သူသည်ပါရမီရှိသည့် ဓမ္မဆရာတစ်ဦးမဟုတ်ချေ။ သူသည် နှစ်ပေါင်းနှစ်ဆယ်ကြာမျှ ထိုရွာငယ်တွင် နေခဲ့ရ၏။ ထို့နောက် သူပြောင်းရွှေ့ လုပ်ကိုင်ခဲ့ရသည့် နေရာများမှာ အက်တင်း၊ ဟဲလ်ဗိုက်နှင့် နူနင်းတို့လို ရွာငယ်ကလေးများသာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ၏သေးငယ် ကျဉ်းမြောင်းသော အသိုင်းအဝိုင်းနယ်ပယ်တွင် သူ့အားလေးစားသူနှင့် ချစ်ခင် သူသာ များပြားခဲ့လေသည်။

၁၈၅၁ ခုနှစ် မေလထဲတွင် သူသည် "အန်နာကော်နယ်လီယာကာဘင် တပ်စ်"နှင့် လက်ထပ်ခဲ့သည်။ ကာဘင်တပ်စ်မှာ ၁၈၁၉ ခုနှစ်က ဟိတ်ဂ်မြို့၌ မွေးဖွားခဲ့ခြင်းဖြစ်၍ သူမ၏ဖခင်မှာ စာအုပ်ချုပ်အလုပ်ဖြင့် အသက်မွေးနေသော ဝီလျံကာဘင်တပ်စ်ဖြစ်သည်။ သူသည် ဟော်လန်နိုင်ငံအခြေခံဥပဒေကို ချုပ်လုပ်ပေး ခဲ့ရသည့် ပထမဆုံးစာအုပ်ချုပ်သမားအဖြစ် မှတ်တမ်းတင်ခဲ့ရသူ ဖြစ်လေသည်။

သူ၏အငယ်ဆုံးသမီးဖြစ်သူ ကောက်နယ်လီးယပ်စ်သည် ပန်းချီကား ရောင်းဝယ်သောလုပ်ငန်းရှင် ဗင်းဆင့်ဗင်းဂိုးအား လက်ထပ်ခဲ့၏။ သူ၏အကြီးဆုံး သမီးမှာမူနာမည်ကျော်ကြား လူသိများနေသော အမ်စတာဒမ်မြို့မှ ဘုန်းတော်ကြီး စထရစ်ကား၏ ဇနီးဖြစ်သည်။ ယခု သီအိုဒိုးရပ်စ် ဗင်းဂိုးနှင့် လက်ထပ်ခဲ့သော သူ့သမီး အန်နာကာဘင်တပ်စ်တို့၏ အိမ်ထောင်မှာလည်း သာယာပျော်ရွှင်မှု အပြည့်ရှိနေသည်။

သီအိုဒိုးရပ်စ်ဗင်းဂိုး အဖို့ သူ့ဇနီးသည် ဆိုးတူကောင်းဖက်ဇနီးဖြစ်သည်။ သူမအနေဖြင့် အလွန်ကြီးမားသော အိမ်ထောင်စုကြီး၏ တာဝန်ကို ယူထားရ သဖြင့် အဆမတန်အလုပ်များလျက်ရှိသော်လည်း သူမ၏ ယောကျ်ားနှင့်အတူ


mgyoe.com

နယ်မြေတွင်းရှိ လူများထံသို့သွားသည်။ ယောက်ျား၏ သင်းအုပ်နယ်မြေအတွင်းမှ လူများအား စိတ်ဓာတ်မကျအောင် အားပေးသမှု ပြုသည်။

သူမ၏ ကောင်းမြတ်သော အရည်အသွေးတစ်ခုမှာ အားငယ်နေသူများထံ စာရေးခြင်းဖြစ်သည်။ "ကျွန်မရှင့်ဆီကို စကားလေးနည်းနည်းပါးပါး ပို့တာပါ" ဟူသော အရေးအသားသည် သူမ အမြဲတစေ သုံးလေ့ရှိသော စကားဖြစ်၏။ သူမ၏ စကားလေး နည်းနည်းပါးပါးသည် ဖတ်ရသူများအတွက် မည်မျှလောက် စိတ်သက်သာရာရပြီး စိတ်အားတက်နေသည်ကို စာဖတ်နေသူများမှတစ်ပါး အခြားဘယ်သူမှ သိနိုင်မည် မဟုတ်ပေ။

၁၈၅၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် သူမသည် သားအသေကလေး တစ်ယောက်မွေးဖွားခဲ့၏။ ထို့နောက် တစ်နှစ်မျှအကြာ ထိုရက်မှာပင် အန်နာ ဗင်းဂိုးသည် ကျန်းမာသန်စွမ်းသော သားလေးတစ်ယောက်ကို မွေးဖွားပြန်သည်။ ကလေးအား သူ့အဘိုးနှစ်ဦး၏အမည်ကို ယူ၍ "ဗင်းဆင့်ဝစ်လမ်"ဟု အမည်ပေး ခဲ့သည်။ ကလေး၏ရုပ်ရည်နှင့် အကျင့်စရိုက်များသည် သူ့အဖေနှင့် သိပ်ပြီး မတူ။ သူ့အမေနှင့် အလွန်တူသည်။

ဗင်းဆင့်၏ ဘဝတစ်လျှောက်လုံး ပြင်းထန်သောစိတ်ဓာတ်ကို အမြဲတစေ ဖော်ပြခဲ့သည်။ ယင်းစိတ်ဓာတ်မှာ သူ့မိခင်၏ အကျင့်စရိုက်မှ လာခြင်းဖြစ်၏။ စူးရှသော မျက်လုံးအကြည်မှာလည်း မိခင်ထံမှ ရခဲ့ခြင်းပင်ဖြစ်သည်။ အဖေနှင့် အမေ နှစ်ယောက်စလုံး၏ အသားအရောင်သည် ဗင်းဆင့်အား လွှမ်းခြုံထားသည်။ သူ့အရပ်အမောင်းသည် မမြင့်လွန်း မနိမ့်လွန်း ရင်အုပ်က ခပ်ကျယ်ကျယ်အရိုး အဆစ်ကြီးမားသဖြင့် လူပုံသည် ကျစ်လျစ်တောင့်တင်းရုံမျှမက ကြီးမားသန်စွမ်း သည်။ ဗင်းဆင့်တစ်ယောက်ကလွဲပြီး တခြားကလေးတွေအားလုံး ဘယ်သူမှ တောင့်တင်းသန်မာမှု မရှိကြဘူးဟု သူ့မိခင်က ပြောဖူးသည်။

ကလေးသူငယ်ဘဝက ဗင်းဆင့်၏ စိတ်နေစိတ်ထားသည် ပြင်းထန်လွန်း သည်ဟု ဆိုကြသည်။ နားလည်ရခက်ခဲသည်ဟုလည်း ပြောကြ၏။ ထိုစိတ်သည် သူ့ကိုသာမက အေးလူများကိုပါ မကြာခဏ ဒုက္ခပေးတတ်သည်။ သူထင်ရာ သူလုပ်တတ်ရုံမျှမက ခေါင်းကလည်း အလွန်မာသဖြင့် ပတ်ဝန်းကျင်နှင့်အံမဝင် ခွင်မကျဖြစ်လေ့ရှိသည်။ သူ့မိဘနှစ်ပါးမှာ အလွန်သိမ်မွေ့နူးညံ့သည့် နှလုံးသား ပိုင်ရှင်များဖြစ်သဖြင့် ဗင်းဆင့်၏စိတ်ဓာတ်အပေါ်တွင် နားလည်ရခက်နေသည်။



mgyoe.com

တစ်ခါသော် ဗင်းဆင့်၏ ဘွားအေ(အဖေ့အမေ)ဗင်းဂိုးသည် ဘရက်ဒါရွာမှ နေ၍ ဇွန်ဒတ်သို့ အလည်ရောက်လာသည်။ ဗင်းဆင့်ပေါက်စ၏ ဒေါသနှင့် စည်းမဲ့ကမ်းမဲ့ ထိုးကြိတ်လိုက်သော လက်သီးချက်တို့ကို မြင်ရသည့် ဖွားအေသည် ဗင်းဆင့်အား လက်မောင်းမှဆွဲကာ အခန်းအပြင်သို့ထုတ်ထားလိုက်သည်။ ထိုလုပ်ရပ်ကို မြင်တွေ့လိုက်ရသောအခါ ဗင်းဆင့်၏ မိခင်သည် သူမ၏သား အတွက် စိတ်မကောင်းဖြစ်သည်။

ဗင်းဆင့်၏မိခင်သည် ယောက္ခမ၏လုပ်ရပ်ပေါ်တွင်လည်းမကျေနပ်၊ ထို့ကြောင့် သူမသည် ယောက္ခမအား တစ်နေ့လုံး စကားမပြော။ ဤအဖြစ်ကို သိသောဖခင်သည် ဇနီးနှင့်မိခင်တို့ ပြေလည်သွားစေရန် အားထုတ်သည်။ ထိုနေ့ ညနေပိုင်းတွင် သူသည် သူ့အမေနှင့်ဇနီးအား သူ့မြင်းရထားကလေးဖြင့် တင်၍ တောင်ကုန်းဘက်သို့ ခေါ်သွားသည်။ နေဝင်ချိန်အလှကို မြင်တွေ့နေရသော ယောက္ခမနှင့်ချွေးမသည် တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်သွားကြသည်။

## (၂)

ဗင်းဆင့်ပေါက်စသည် တိရစ္ဆာန်များနှင့် ပန်းများကို အလွန်ချစ်သည်။ သူသည် ရသမျှကို စုဆောင်းလေ့ရှိ၏။ ပုံဆွဲခြင်းနှင့် ပတ်သက်၍မူ ထူးခြားသည့် အစွမ်းအစနှင့် အရိပ်လက္ခဏာများကို မမြင်ရ။ အသက်ရှစ်နှစ်သားအရွယ်တွင် သူသည် ခွေးဖြင့်ဆင့်ရုပ်ကလေးတစ်ရုပ် လုပ်ခဲ့ဖူးသည်။ ထိုစဉ်က သူ့လုပ်ရပ်အပေါ်တွင် မိဘနှစ်ပါးစလုံးက စိတ်ဝင်တစားရှိခဲ့ဖူးသည်။ သို့သော်လည်း ဗင်းဆင့်သည် ထိုဆင်ရုပ်ကလေးကို သူ့အကျင့်အတိုင်း ချက်ချင်းဖျက်ဆီးပစ်သည်။

ယင်းအဖြစ်မျိုး တစ်ခု ထပ်မံပေါ်ပေါက်ခဲ့ဖူးသည်။ ယင်းမှာ ကြောင်တစ်ကောင်၏ပုံကို ရေးဆွဲခဲ့ခြင်းဖြစ်၏။ ယင်းဖြစ်ရပ်ကို ဗင်းဆင့်၏မိခင်သည် အထူးအဆန်းတစ်ခုအဖြစ် မြင်ထားခဲ့သဖြင့် အမြဲတစေ သတိတရ ပြောလေ့ရှိသည်။ ဗင်းဆင့်အား ရွာကျောင်းတွင် ထားခဲ့ဖူးသော်လည်း အချိန်ကြာကြာနေခွင့် မရလိုက်ပေ။ တောသူတောင်သား လယ်သမားတို့၏ သားသမီးများနှင့်


mgyoe.com

အတူတူနေရသဖြင့် ဗင်းဆင့်၏အကျင့်စရိုက်သည် ပို၍ ကြမ်းတမ်းလာသည်ဟု သူ့မိဘများက မြင်၍ဖြစ်သည်။

သူတို့သည် သင်းအုပ်ဆရာ၏ နေအိမ်အတွက် ကလေးထိန်းဆရာမ တစ်ယောက် ရှာဖွေကြသည်။ အိမ်တွင် ကလေးအရေအတွက်မှာ ခြောက်ယောက် အထိ တိုးလာခဲ့ပြီ မဟုတ်ပါလား။ ဗင်းဆင့်ကို မွေးပြီး နှစ်နှစ်အကြာတွင် သမီးလေးတစ်ယောက် မွေးဖွားခဲ့၏။ နောက်နှစ်နှစ်မျှအကြာ ၁၈၅၇ ခုနှစ် မေလ ၁ ရက်တွင် သားတစ်ယောက် မွေးခဲ့ပြန်သည်။ ထိုသားငယ်မွေးပြီး နောက်တွင် ညီမငယ်နှစ်ယောက်နှင့် ညီငယ်လေးတစ်ယောက် ထပ်မံ၍မွေးလာ ခဲ့ပြန်သည်။ ဤသို့ဖြင့် သင်းအုပ်ဆရာ ဇနီးမောင်နှံတွင် သားသမီးခြောက်ယောက် ဖြစ်လာခဲ့ခြင်းပေတည်း။

ထိုစဉ်က မွေးဖွားခဲ့သည့် ညီမငယ်နှစ်ယောက်အနက် အငယ်မ၏ အမည်မှာ ဝစ်လီမီယင်ဖြစ်သည်။ ထိုညီမငယ်သည် မိခင်နှင့်ခွဲခွာ၍မနေ။ အမြဲတစေ မိခင်နှင့်နေသွားခဲ့သူဖြစ်၏။ ထိုညီမငယ်အပေါ်တွင် ဗင်းဆင့်သည် သံယောဇဉ် ရှိခဲ့သည်။ သူ မကြာမကြာ စာရေးခဲ့သည့် ညီမဆို၍ ဤညီမငယ် တစ်ဦးသာလျှင် ရှိလေသည်။

ညီငယ် သီအိုမှာ ဗင်းဆင့်ထက် အသက်လေးနှစ်မျှငယ်သော်လည်း ဗင်းဆင့်ထက် ပို၍ နူးညံ့သိမ်မွေ့ပြီး သနားကြင်နာတတ်သော စိတ်ပို၍ရှိ၏။ ကိုယ်ကာယ တည်ဆောက်ပုံမှာလည်း နုနယ်သည်။ သွယ်လျလျနှင့် လှပ ပြေပြစ်သည်။ ဆံပင်အရောင်ကျတော့ သူ့အစ်ကို ဗင်းဆင့်ကဲ့သို့ပင် နီရဲရဲ။မျက်လုံး အရောင် ကျတော့လည်း အပြာရောင်ဖျော့ဖျော့၊ ညီအစ်ကို နှစ်ယောက်စလုံး တူသည်။

ဗင်းဆင့်သည် သူ့ညီ သီအိုထံ ရေးခဲ့သည့် စာအမှတ် ၃၃၈ ထဲ၌ သူတို့ညီအစ်ကို၏ တူညီမှုများနှင့် ခြားနားမှုများကို ဖော်ပြခဲ့သည်။ ၁၈၈၉ ခုနှစ်အတွင်းက သီအိုသည် ကျွန်မထံစာတစ်စောင်ရေးခဲ့ရာ ထိုစာထဲ၌ သူ့အစ်ကို ဗင်းဆင့်၏ ရုပ်လက္ခဏာကို ရေးခဲ့သည်။ သူသည် ရီဒင်၏ ကျော်ကြားသော ရုပ်တု "ဂျွန်သည် ဘက်ပတစ္စ"၏ ဦးခေါင်းနှင့်တူသည်ဟုဆိုခဲ့သည်။

"ပန်းပုဆရာ ရီဒင်ဟာ ခရစ်တော်ရဲ့ ရှေ့ပြေးဖြစ်တဲ့ ရုပ်လှုာကို ဖန်တီးခဲ့တယ်။ အဲဒီရုပ်လှုာဟာ ဗင်းဆင့်နဲ့ အတော့်ကို တူတာပဲ။ ပန်းပုပညာရှင်


mgyoe.com

mgyoe.com


ဟာ ဇင်းဆင့်ကို မမြင်ဖူးပါဘူး၊ ဒါပေမဲ့ သူထုလုပ်ထားတဲ့ ရုပ်တုရဲ့ မျက်နှာပေါ်မှာ ထင်ဟပ်နေတဲ့ ဝမ်းနည်းကြေကွဲမှုနဲ့ နဖူးပြင်မှာ ထင်နေတဲ့ အရေးအကြောင်းတွေဟာ ဇင်းဆင့်မှာ ရှိနေတဲ့ပုံအတိုင်းပဲ၊ ဇင်းဆင့်ရဲ့ မြင့်မားနက်ရှိုင်းတဲ့ အတွေးအခေါ်တွေနဲ့ ပြင်းထန်တင်းမာတဲ့ သံမဏိစည်းကမ်းတွေကို အထင်အရှား မြင်နေရတယ်။ အထူးသဖြင့် ရုပ်တုရဲ့ နှာခေါင်းနဲ့ ဦးခေါင်းဟာ ဇင်းဆင့်ရဲ့ နှာခေါင်းနဲ့ ဦးခေါင်းအတိုင်းပဲ"ဟု အသေးစိတ်၍ ရေးခဲ့ခြင်းဖြစ်သည်။

သီအိုက ကျွန်မထံ ရေးခဲ့သည့် ထိုစာထဲ၌ ယင်းကဲ့သို့ အတိအကျရေးခဲ့သည်။ ထိုစာကို ဖတ်ခဲ့ရစဉ်က ဘာမှ ထူးခြားမှုမရှိသော်လည်း နောက်ပိုင်းလူချင်းဆုံမိကြ၍ ဇင်းဆင့်ကို မြင်ရသည့်အခါ အံ့သြခြင်းဖြစ်ခဲ့ရပါသည်။ သူတို့ညီအစ်ကို နှစ်ယောက် ရုပ်ချင်းအလွန်ဆင်သည်ကိုလည်း သတိထားမိခဲ့၏။

တကယ်တော့ သူတို့ညီအစ်ကိုသည် ကလေးဘဝကတည်းက တစ်ယောက်အပေါ်တစ်ယောက် အလွန်သံယောဇဉ် ကြီးခဲ့ကြသူများဖြစ်၏။ သူတို့အစ်မအကြီးဆုံးက ငယ်စဉ်က သူတို့ညီအစ်ကို၏ နေထိုင်မှုကို သတိတရပြောပြလေ့ရှိသည်။ ဇင်းဆင့်က သူ့ညီအား စခဲ့ပြောင်ခဲ့ပုံများသည် အစ်မကြီးအတွက် သာမက သီအိုအတွက်ပါ မမေ့နိုင်စရာများဖြစ်ဟန်တူပါသည်။

သူတို့၏ ကလေးဘဝသည် ဘရားဘန့်တောပိုင်းဒေသ၏ ကဗျာဆန်သောဘဝ၏အရိပ်များဖြင့် ပြည့်လျှံနေသည်။ သူတို့သည် ဂျုံခင်းများ တောင်ကုန်းများနှင့် ထင်ရှူးတောများအလယ်၌ ကြီးပြင်းခဲ့ရခြင်းဖြစ်၏။ ကျေးရွာတစ်ရွာ၏ သင်းအုပ်ဆရာ နေအိမ် ပတ်ဝန်းကျင်သည် တစ်သီးတခြားရှိလွန်းရုံမျှမက အထူးအဆန်းများလည်းရှိသည်။ အားလုံးခြုံ၍ ကြည့်လိုက်ပါက မြတ်နိုးတွယ်တာစရာကောင်းသည့် သာယာလှပသော ပတ်ဝန်းကျင်ဖြစ်လေသည်။

ထိုပတ်ဝန်းကျင်၌ နေထိုင်ရခြင်းသည် သူတို့အား ပြင်ပလောကမှ စောင့်ဆိုင်းနေသည့် ရန်းကန်လှုပ်ရှားမှုများအတွက် အထောက်အကူပြုနိုင်မည့် အလားအလာမရှိလှပေ။ ထိုစဉ်က သူတို့သည် ငယ်ရွယ်နုနယ်ကြသေးသည်ဖြစ်ရာ ထိုကျေးရွာ ပတ်ဝန်းကျင်ရှိ သာယာချမ်းမြေ့မှုတွင်သာ ပျော်ရွှင်ယစ်မူးနေကြသည်။ ကမ္ဘာလောကကြီးအတွင်းသို့ ဝင်ရောက်သွားကြသည့်အခါ ရင်ဆိုင်ရမည့် အခက်အခဲများကို မမြင်ကြ။


mgyoe.com

mgyoe.com


ဗင်းဆင့်သည် ဤရွာသို့ အကြိမ်ပေါင်းများစွာ ပြန်ပြန်လာလေ့ရှိသည်။ သူ့အနေဖြင့် ဤအရပ် ဤဒေသ ဤရွာပတ်ဝန်းကျင်အပေါ် တွယ်တာသည်။ ဤရွာမှရထားခဲ့သည့် "တောသားပုံစံ"ကို သူမစွန့်။ သီအိုကတော့ ပါရီမြို့ကို ရောက်သွားပြီး၍ အနေကြာသွားသည့်အခါ "ယဉ်ကျေးသိမ်မွေ့သော ပါရီသား" ဖြစ်သွားသည်။ ထိုရွာထိုဒေသ၌ နေထိုင်ခဲ့စဉ်က ထိတွေ့ခဲ့ရသော ပတ်ဝန်းကျင်ကို သူ့နှလုံးသားထဲ၌ သိမ်းဆည်းထားသည်။ သူ့အား "ဘရားဘန့်သား"ဟု ခေါ်ခြင်းကိုလည်း နှစ်သက်စွာ လက်ခံသည်။

တစ်ကြိမ်တွင် သီအိုက "ကိုယ်တို့ညီအစ်ကိုရဲ့ ရင်ထဲမှာ ဘရားဘန့် လယ်ကွင်းတွေ ကွင်းပြင်တွေနဲ့ ကုန်းတန်းတွေရဲ့ အနံ့အသက်ဟာ 'စွဲ'နေတယ်" ဟု ထုတ်ဖော်ပြောဖူးသည်။ ထို့ပြင်လည်း သူ့ဖခင် ကွယ်လွန်၍ သူ့မိခင် ထိုရပ်ရွာမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ရသည့်အခါ သီအိုက 'အခုဆိုရင် ကိုယ်တို့ မိသားစုသွေးသားထဲက ဘရားဘန့်မှာ တစ်ယောက်မှ မကျန်တော့ဘူး" ဟု စိတ်မကောင်းဖြစ်သည့် လေသံဖြင့် ရေရွတ်ခဲ့ဖူးသည်။

တစ်ခါသော် ဗင်းဆင့်သည် မကျန်းမမာဖြစ်၍ အားလ်စ်မြို့ဆေးရုံ၌ တက်နေခဲ့ရသည်။ အစ်ကိုအား အလွန်ချစ်သည့် သီအိုသည် ဆေးရုံသို့ရောက် သွားသည်။ ဗင်းဆင့်က "ဒီမှာ နေရတာ၊ ဇွန်ဒတ်ထ်နဲ့ သိပ်တူတာပဲ"ဟု ပြောခဲ့သည်။ ထို့နောက် မကြာမီ သီအိုထံ စာတစ်စောင် ရောက်လာခဲ့ရာ ထိုစာ (စာအမှတ် ၅၇၃)ထဲ၌-

'အစ်ကိုနေမကောင်းဖြစ်နေတဲ့ အတောအတွင်းမှာ အစ်ကိုဟာ ဇွန်ဒတ်ထ် အိမ်ကအခန်းတိုင်းကို မြင်နေရတယ်။ လူသွားလမ်းကလေး တွေကိုရော၊ ဥယျာဉ်ထဲက အပင်တိုင်းကိုပါ မြင်နေရတယ်။ ပတ်ဝန်းကျင် က လယ်ကွင်းတွေ၊ အိမ်တွေ၊ သုသာန်မြေနဲ့ ဘုရားရှိခိုးကျောင်း၊ အိမ်နောက်ဖေးက စိုက်ခင်းစတဲ့ဟာ တွေကိုသာ မကဘူး၊ သုသာန်မြေ ထဲမှာရှိနေတဲ့ နန်းလုံးကြိုင်ပင်ပေါ်က သပိတ်လွယ်ငှက်ရဲ့ အသိုက်ကို တောင်မှ အစ်ကိုမြင်နေရတယ်"

စသည်ဖြင့် ဗင်းဆင့်က ရေးခဲ့သည်။

ဗင်းဆင့်သည် အသက်ဆယ့်ခြောက်နှစ်အရွယ်ရောက်လာသည့်အခါ သူ့အား ဘယ်လိုအလုပ်မျိုးဖြင့် အသက်မွေးစေရလျှင် ကောင်းပါ့မလဲဟူသော


mgyoe.com

mgyoe.com

ပြဿနာပေါ်လာသည်။ ဤကိစ္စနှင့် ပတ်သက်၍ အဓိက ဆွေးနွေးတိုင်ပင်ခဲ့ရသည့် ပုဂ္ဂိုလ်မှာ "ဦးလေးဇင်းဆင့်"ဖြစ်၏။

ထိုအချိန်က ဦးလေးဇင့်ဆင့်သည် များစွာစီးပွားတက်နေသည်။ ပန်းချီပန်းပု အနုပညာပစ္စည်းများ အရောင်းအဝယ်လုပ်ငန်းဖြင့် တိုးတက်အောင်မြင်လာခဲ့သော ဦးလေးဇင်းဆင့်သည် ကျန်းမာရေးချို့ယွင်းလာသဖြင့် လုပ်ငန်း့ခွင်မှ စောစောစီးစီး အနားယူခဲ့ရ၏။ သို့သော်လည်း ငွေကြေးနှင့်ပတ်သက်၍မူကား သူ့ငွေအမြောက်အမြားမှာ လုပ်ငန်းတစ်ခုလုံး အရင်းအနှီးထဲ၌ ပါဝင်နေဆဲဖြစ်လေသည်။

သူသည် လုပ်ငန်းမှ အနားယူလိုက်သည့်အခါ ပါရီမြို့မှနေ၍ ဖခင်အိုကြီးနေထိုင်ရာ ဘရက်ဒါအနီးရှိ ပရင်ဆန်ဟေ့ချ်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သည်။ ထိုနေရာမှာ သူချစ်သော အစ်ကိုနေထိုင်ရာ ဇွန်ဒတ်ထ်နှင့်လည်း မဝေးလှ။ သို့တစေလည်း ဆောင်းရာသီရောက်လာတိုင်း သူ့ဇနီးသည်နှင့် အတူပြင်သစ်နိုင်ငံတောင်ပိုင်းရှိ မင်တုံး၌ သွားရောက်နေထိုင်လေ့ရှိ၏။ ဤသို့ဖြင့် သူသည် ထိုခရီးအသွားအပြန်တိုင်း ပါရီမြို့၌ တစ်ထောက်နားလေ့ရှိသဖြင့် သူ့လုပ်ငန်းနှင့် အမြဲတစေ အထိအတွေ့ရှိလေသည်။

သူနေထိုင်ရာ ဒေသမှာ တောင်ပိုင်းဖြစ်၍ အလွန်သာယာလှပသည်။ ပရင်ဆန်ဟေ့ချ်မှ သူ့အိမ်ကိုလည်း အဆောင်သစ်တစ်ခု တိုးချဲ့ကာ သူစုဆောင်းသိမ်းဆည်းထားသည့် ရှားပါးပန်းချီကားများထားရာ ပြခန်းအဖြစ် အသုံးပြုသည်။ အမှန်တော့ ထိုပန်းချီပြခန်းသည် ဇင်းဆင့်နှင့်သီအိုတို့ ညီအစ်ကိုအဖို့ ပထမဆုံး ထိတွေ့ဝင်ဆံ့ရာ ပန်းချီလောက၏ ကမ္ဘာလေးတစ်ခု ဖြစ်ပေသည်။

ထိုစဉ်အခါက ဇွန်ဒတ်ထ်သင်းအုပ်နေအိမ်နှင့် ကလေးမရှိသော ပရင်ဆန်ဟေ့ချ်နေအိမ်၊ နှစ်အိမ်ကြားတွင် နွေးထွေးသော ကူးလူးဆက်ဆံမှုသည်တည်ရှိခဲ့၏။ ပရင်ဆန်ဟေ့ချ်နေအိမ်မှလာသော မြင်းရထားကို မြင်လျှင်အော်ဟစ်ကြိုဆိုလေ့ရှိသည်။ ဇွန်ဒတ်ထ်မှ ကလေးသူငယ်တို့၏ အော်သံဟစ်သံများကို အမြဲတစေ ကြားကြရသည်။ အကြောင်းမှာ ထိုမြင်းရထားသည် ပန်းလှလှများ ရှားပါးသစ်သီးများနှင့်အရသာထူးသည့် အစားအသောက်များကို သယ်ဆောင်လာလေ့ရှိသည် မဟုတ် ပါလား။

ဇွန်ဒတ်ထ်ဘက်တွင်မူကား ပရင်ဆန်ဟေ့ချ်မှာ လူမမာအား စိတ်ရွှင်လန်း


mgyoe.com

mgyoe.com


ချမ်းမြေ့မှုကို ပေးနိုင်စွမ်းရှိသည့် ညီအစ်ကိုမောင်နှမများရှိသည်။ ယင်းအုပ်စုထဲတွင် ဗင်းဆင့်နှင့်သီအိုညီအစ်ကိုပါသည်။ သူတို့သည် အသက်အားဖြင့် တစ်နှစ်သာခြားသော ညီအစ်ကိုဖြစ်သည်။ ထို နှစ်ယောက်မှာတစ်ယောက်ကို တစ်ယောက် အချစ်ဆုံးနှင့် သံယောဇဉ်အကြီးဆုံး ညီအစ်ကိုဖြစ်၏။

ဤကြားထဲတွင် ဦးလေးဗင်းဆင့်နှင့် သင်းအုပ်ဆရာ၏ ဇနီးတို့မှာ လင်ညီအစ်မများ ဖြစ်ကြလေရာ ညီအစ်ကိုနှစ်ယောက်၏ သံယောဇဉ်သည် ပို၍ကြီးကြသည်။ ငွေကြေးပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော ဦးလေးဗင်းဆင့် အဖို့ သူ့နာမည်ကို ဆက်ခံရယူထားသောတူဗင်းဆင့်သည် သူ့ကုမ္ပဏီတွင် ရှိသင့် ရှိအပ်သည့်လူဟု မြင်သည်။ တကယ်တော့ သူ့တူဗင်းဆင့်သည် သူ၏ အမွေစား အမွေခံတစ်ဦးပင်ဖြစ်လာကောင်း ဖြစ်လာနိုင်သည် မဟုတ်ပါလော။

## (၃)

၁၈၆၉ ခုနှစ်တွင် ဗင်းဆင့်သည် ဟိတ်ဂ်မြို့ရှိ ဂေါ်ပစ်လ်အင်ကုမ္ပဏီပိုင် ပန်းချီပန်းပု ပစ္စည်းများအရောင်းဆိုင်၌ အလုပ်ဝင်သည်။ ဆိုင်အကြီးအကဲ မစ္စတာတာစတိ၏ အုပ်ချုပ်မှုအောက်တွင် အသက်အငယ်ဆုံးဝန်ထမ်းတစ်ဦး ဖြစ်၏။ ဗင်းဆင့်အဖို့ သူ့ရှေ့တွင် လင်းလက်တောက်ပနေသော အနာဂတ်ကို မြင်နေရသည်။

သူသည် ဘီးစတင်းမတ်ခ်လမ်းပေါ်ရှိ ရူးစ်မိသားစုနေအိမ် အဆောင်၌ နေထိုင်ခဲ့၏။ နောင်အခါတွင် သီအိုကိုယ်တိုင်လည်း ထိုအိမ်၌ လာရောက်နေထိုင်ခဲ့သည်။ သူနေထိုင်ရာ အိမ်တွင် သူလိုအပ်သမျှ ပစ္စည်းများကို ရရှိနေသဖြင့် သူ့အတွက် သာယာကျေနပ်စရာကောင်းသည့် နေရာတစ်နေရာဖြစ်ပေသည်။

ဤအဆောင်၌ နေထိုင်ခဲ့ရစဉ်အတွင်း ဗင်းဆင့်သည် သူ့အမေ၏ဆွေမျိုးများနှင့် မိတ်ဆွေများကို ခင်မင်ရင်းနှီးခွင့် ရခဲ့သည်။ ယင်းတို့၏ အိမ်များသို့ မကြာမကြာ အလည်ရောက်သည်။ အထူးသဖြင့် ဟန်းနီးအိခ်၊ ဗင်စကော့လယ်နှင့် အဒေါ်ဆိုဖီကာဘင်းတပ်စ်တို့ထံ မကြာခဏအလည် သွားလေ့ရှိ၏။ သူ့အဒေါ် ဆိုဖီကာဘင်းတပ်စ်တွင် သမီးသုံးယောက်ရှိရာ တစ်ယောက်မှာ နာမည်ကျော် ဒတ်ချ် ပန်းချီဆရာ အေမောဗီးနှင့် လက်ထပ်ခဲ့၍ ဒုတိယသမီးမှာ မောဗီးလောက်


mgyoe.com

နာမည်မကြီးသော ပန်းချီဆရာ အေလီကွမ်တီနှင့် အိမ်ထောင်ကျခဲ့သည်။

အရောင်းဆိုင်တွင် အမှုထမ်းနေသည့် ဗင်းဆင့်နှင့်ပတ်သက်၍ ဆိုင်အကြီးအကဲထံမှ မိဘများထံပေးပို့သည့် သတင်းများမှာ သတင်းကောင်းများချည်းဖြစ်သည်။ ဗင်းဆင့်၏ အစွမ်းအစရှိမှု၊ ထက်မြက်မှုနှင့် ကြိုးစားအားထုတ်မှုများအကြောင်းကိုသာ ကြားရသည်။ အထူးသဖြင့် သူ၏ လုံ့လဝီရိယကောင်းမှုနှင့် လေ့လာမှုများအပေါ် များစွာနှစ်သက်သည့် စကားများကိုသာ ကြားရသည်။ လူတိုင်းက ခင်မင်ကြသည်ဟူသော စကားမှာလည်း ဗင်းဆင့်အတွက် နှစ်သက်စရာတစ်ခုပင် ဖြစ်၏။ ထိုစဉ်က ဗင်းဆင့်၏အနေအထားသည် သူ့အဖိုးငယ်စဉ်ကနှင့် အလွန်တူသည်ဟု ပြောစမှတ်ပြုခဲ့ကြလေသည်။

သူ ဟိတ်ဂ်မြို့၌ သုံးနှစ်မျှနေခဲ့ပြီးသည့် နောက်ပိုင်းတွင် အဲ့က်စတာဝစ်ဂ်၌ ကျောင်းတက်နေဆဲဖြစ်သော သီအိုသည် သူ့အစ်ကိုထံ အလည်ရောက်လာပြီး ရက်အနည်းငယ်မျှ နေထိုင်ခဲ့၏။ ထိုတစ်ခေါက် အလည်ရောက်ခဲ့သည့် ၁၈၇၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်းတွင် ညီအစ်ကိုနှစ်ယောက်သည် အပြန် အလှန် စာရေးခဲ့ကြရာ ဗင်းဆင့် ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ရေးခဲ့သည့် စာများမှာ အများအပြားဖြစ်၍ ညီအစ်ကိုနှစ်ယောက်စလုံး၏ ဘဝဇာတ်ကြောင်းများကို တစေ့တစောင်း မြင်နိုင်သည့် စာများဖြစ်လာခဲ့၏။ ဗင်းဆင့်ကွယ်လွန်သည့်အခါ သီအိုထံ လိပ်မူထားသည့် ရေးလက်စ တစ်ပိုင်းတစ်စ စာတစ်စောင်ကို တွေ့ခဲ့ကြရသည်။ ထိုစာတွင် ဘဝကို အရှုံးပေးလိုက်သည့် အရိပ်အငွေ့များ ထင်ဟပ်နေသော အရေးအသားများကို တွေ့ကြရလေသည်။

ဤစာများထဲတွင် ညီအစ်ကိုနှစ်ယောက်စလုံး၏ အဓိကကျသော ဘဝဖြစ်ရပ်များကို ဖော်ပြထားသဖြင့် ဗင်ဆင့်၏အထ္ထုပ္ပတ္တိအတွက် များစွာအထောက်အကူပြုခဲ့သည်။ ယင်းအချက်နှင့်ပတ်သက်၍ မိဘများနှင့် သီအိုတို့၏ ပေးစာများထဲတွင်လည်း စိတ်ဝင်စားဖွယ်ရာများကို တွေ့ခဲ့ကြရ၏။ ဗင်းဆင့်က သူ့မိဘများထံ ရေးခဲ့သည့် စာများမှာမူ ပျက်စီးသွားခဲ့သဖြင့် သူ့ဘဝဇာတ်ကြောင်းအတွက် အထောက်အကူ မပြုနိုင်ခဲ့တော့ပေ။

မည်သို့ပင်ဖြစ်စေ သီအိုနှင့် သူ့မိဘနှစ်ပါး အပြန်အလှန် ရေးခဲ့ကြသည့် စာများမှာ ၁၈၇၃ ခုနှစ် ဇန်နဝါရီလမှစတင်ခဲ့ခြင်းဖြစ်၏၊ အသက်ဆယ့်ငါးနှစ်အရွယ် သီအိုတစ်ယောက် ဘရပ်ဆဲလ်မြို့သို့ သွား၍ ပန်းချီကားနှင့် ပစ္စည်းများ


mgyoe.com

mgyoe.com

ရောင်းဝယ်သူအဖြစ် အသက်မွေးရန် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ခဲ့သည့် အချိန်ဖြစ်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်မှထွက်ခွာသွားခဲ့ရသော လူငယ်လေး တစ်ယောက်အတွက် အနူးညွံ့ဆုံးနှင့် အသိမ်မွေ့ဆုံးသော မေတ္တာနှင့်သောက တို့ကို ဖော်ပြထားသည့်စာများဖြစ်၏။ "သားလေး သီအို၊ သားဟာ အသက် ဆယ့်ငါးနှစ်နဲ့ လူကြီးဘဝကို ရောက်သွားရတယ်"ဟူသော အရေးအသားကို သူ့မိခင်၏ စာများထဲမှ တစ်စောင်တွင် ပါလာသည်ကို တွေ့ရ၏။

မိဘများသည် သီအိုအားအလွန်ချစ်ကြသည်။ သီအိုကလည်း မိဘများ၏ အချစ်ကို အခြားသားသမီးများထက်ပို၍ သိမ်မွေ့နူးညံ့စွာ တုံ့ပြန်တတ်သည်။ သက်ကြီးရွယ်အိုမိဘများအနေဖြင့် သားသမီးများထံမှ ယင်းသို့သော တုံ့ပြန်မှု မျိုးကို ရရှိသည့်အခါ များစွာဝမ်းသာ အားတက်တတ်ကြ၏။ ထိုသားသမီး ပေါ်တွင်လည်း ပို၍ကြီးမားသောမေတ္တာဖြင့် တုံ့ပြန်တတ်ကြသည်။ ဤသဘာဝ ကို သီအို့ထံပေးစာများထဲ၌ အထင်အရှား မြင်တွေ့ကြရ၏။

သီအို့ထံရေးခဲ့သည့် စာများထဲ၌ သူတို့အိမ်၌ ဖြစ်ပျက်နေသည့် အသေးအဖွဲ ကလေးများကိုပင် စိကာပတ်ကုံး တဖွဲ့တနွဲ့ ရေးထားသည်ကို ကျွန်မ ဖတ်ရ ပါသည်။ နေအိမ်ဝင်းအတွင်းရှိ ဥယျာဉ်ထဲ၌ "ဘာပန်းတွေ စိုက်ထားသည်၊ ဘာပန်းတွေ ပွင့်နေသည်။ ဘယ်လိုသီးပင်တွေ ဖြစ်ထွန်းနေပြီ၊ မြေလူးငှက် တို့၏ တေးဆိုသံများကို မကြားရသေး။ ဘယ်သူဘယ်ဝါတွေ အိမ်ကို အလည် လာကြသည်။ ညီမလေးတွေနှင့် ညီလေးတွေ အခု ဘာလုပ်နေကြသည်။ အခုတစ်ပတ် ဟောပြောခဲ့သည့် အဖေ့တရား"စသည့် စသည်များဖြစ်သည်။ စာများထဲ၌ အများဆုံး ပါတတ်သည်များမှာ ဗင်းဆင့်အကြောင်းတွေ ဖြစ်ပါသည်။

၁၈၇၃ ခုနှစ်တွင် ဗင်းဆင့်အား ကုမ္ပဏီမှ လန်ဒန် အရောင်းဆိုင်သို့ ပြောင်းရွှေ့ခန့်ထားခဲ့သည်။ ဟိတ်ဂ်မြို့မှ ဗင်းဆင့်ထွက်ခွာလာသည့်အခါ မစ္စတာ တာစတီထံမှ အကောင်းဆုံးထောက်ခံစာများ ရရှိခဲ့၏။ တစ်ချိန်တည်းမှာပင် မစ္စတာတာစတီထံမှ သူ့မိဘထံ စာရောက်လာသည်။ စာထဲတွင် ဗင်းဆင့်အား လူတိုင်းက ခင်မင်ကြကြောင်း ပန်းချီဆရာများကပင်လျှင် သူ့အား လေးစား ချစ်ခင်ကြကြောင်း ဖော်ပြထားသည်။

ပထမသော် လန်ဒန်၌ နေထိုင်လုပ်ကိုင်နေရသည့် ဗင်းဆင့်၏ ဘဝသည်


mgyoe.com

အရာရာတိုင်း၌ အဆင်ပြေလျက်ရှိ၏။ ဦးလေး ဗင်းဆင့်ကိုယ်တိုင်ကလည်း ဗင်းဆင့်အား သူ့မိတ်ဆွေများနှင့် မိတ်ဆက်ပေးခဲ့သည်ဖြစ်ရာ ဗင်းဆင့်အဖို့ အခက်အခဲဟူ၍ ဘာမှ မတွေ့ရ။ သူသည် သူ့အလုပ်တွင် သာယာပျော်မွေ့လျက်ရှိ၏။

ထိုစဉ်က သူရသည့် လစာမှာ တစ်နှစ်လျှင် ပေါင် ၉၀ ဖြစ်သည်။ စားဝတ်နေရေး စရိတ်မှာ ကြီးသော်လည်း ဗင်းဆင့်သည် သူရသည့် လစာထဲမှ အနည်းငယ်မျှကို မိဘထံ မကြာခဏ ပြန်ပို့နိုင်ခဲ့သည်။ ထိုစဉ်က လုပ်ငန်းရှင်များသာ ဆောင်းလေ့ရှိသည့် အလွန်ဈေးကြီးသော တော့ဟက်ထ် ခေါ် ဦးထုပ်မြင့်မြင့်ကြီးကိုပင် ဝယ်၍ဆောင်းနိုင်ခဲ့သည်။

သူ ပထမဆုံးနေခဲ့သည့် ဘော်ဒါဆောင်ကို ပိုင်ဆိုင်သူများမှာ အမျိုးသမီးနှစ်ယောက်ဖြစ်သည်။ နေရာမှာ နေရာကောင်းဖြစ်သော်လည်း ဈေးကြီးသည်။ ထို့ကြောင့်လည်း သူသည်ထိုနှစ် ဩဂုတ်လထဲတွင် ခရစ်ယာန် လက်ထောက်ဘုန်းကြီးတစ်ပါး၏ ဇနီးမုဆိုးမ မစ္စက်လွိုင်ယာ၏ နေအိမ်သို့ ပြောင်းရွှေ့ခဲ့သည်။ မစ္စက်လွိုင်ယာမှာ ပြင်သစ်နိုင်ငံတောင်ပိုင်းဒေသမှ ရောက်လာသူဖြစ်၍ သူမ၏ သမီး အာဆူလာမှာ ကလေးငယ်များအတွက် နေ့ကျောင်းတစ်ကျောင်း ဖွင့်ထားသည်။

ထို ဘော်ဒါဆောင်တွင် ဗင်းဆင့်သည် သူ၏ အပျော်ဆုံးသော နှစ်တစ်နှစ်ကို ကုန်လွန်စေခဲ့သည်။ အိမ်ရှင် မုဆိုးမကြီး၏သမီး အာဆူလာသည်လည်း ဗင့်ဆင့်၏စိတ်ကို များစွာကြည်နူးချမ်းသာစေလျက်ရှိသည် မဟုတ်ပါလား။ "အစ်ကို့ဘဝမှာ အာဆူလာနဲ့ သူမရဲ့ အမေကြားမှာ တည်ရှိနေတဲ့ အချစ်မျိုးကို လုံးဝ မတွေ့ခဲ့ဖူးဘူး၊ အိပ်မက်တောင်မှ မမက်ခဲ့ဖူးပါဘူး"ဟု သူ့ညီမတစ်ဦးထံ ရေးသည့်စာထဲတွင် ဖော်ပြခဲ့သည်။ "အစ်ကို့အကျိုးကို ရှေးရှုပြီး အာဆူလာကို ချစ်စေချင်တယ်"ဟုလည်း ဆိုခဲ့သည်။

သူ့မိဘများကိုမူ အာဆူလာအကြောင်း မပြောခဲ့။ မပြောခြင်းမှာလည်း အကြောင်းရှိသည်။ သူ့အနေဖြင့် သူ့အချစ်ကို အာဆူလာအားလုံးဝဖွင့်မပြောရသေး၍ ဖြစ်၏။ သို့တစေလည်း အိမ်သို့ ရေးခဲ့သမျှ စာများသည် ပျော်ရွှင်ကြည်နူးမှုများဖြင့် ပြည့်လျှံနေသည်။ သူ့စာတစ်စောင်ထဲတွင် ဤသို့ ရေးခဲ့သည်။



mgyoe.com

mgyoe.com

"အို…စိတ်ချမ်းသာမှုတွေနှင့် ပြည့်နေသည့်ဘဝ
အို… အဖ ဘုရားသခင်
အရှင်ပေးသော လက်ဆောင်ပါ"•

စက်တင်ဘာလထဲတွင် လန်ဒန်သို့သွားသော မိတ်ဆွေတစ်ဦးနှင့် ပါဆယ်ထုပ်တစ်ထုပ် လက်ဆောင်ပါးလိုက်ကြသည်။ မိဘများက ဗင်းဆင့်အတွက် "ပါး"လိုက်သည့် လက်ဆောင်ပစ္စည်းများပေတည်း။ ထိုပစ္စည်းများထဲတွင် မြက်ပင် လက်တစ်ဆုပ်စာနှင့် ဝက်သစ်ချရွက်ပန်းခွေတစ်ခုပါသည်။ အားရက်နားရက်များတွင် သီအိုကိုယ်တိုင် ပြုလုပ်ထားခြင်းဖြစ်၍ သူတို့ အရပ်ဒေသမှ လယ်ကွင်းများနှင့် တောအုပ်များကို ဗင်းဆင့် မေ့မသွားစေရန် အမှတ်တရ ပေးလိုက်သည့် လက်ဆောင်ပေတည်း။

ဗင်းဆင့်သည် လျှိုင်ယာသားအမိနှင့်အတူ ထိုနှစ် ခရစ္စမတ်ပွဲကို ပျော်ပျော်ပါးပါး ကျင်းပခဲ့သည်။ ထိုစဉ်အခါက သူသည် အိမ်သို့ သူရေးဆွဲထားသည့် ပုံကလေးများကို မကြာမကြာ ပေးပို့လေ့ရှိ၏။ သူငှားနေသည့် အိမ်၊ လမ်းနှင့် သူနေသည့် အခန်းပုံများဖြစ်သည်။ "သူဆွဲထားတဲ့ ပုံကလေးတွေက စနစ်တကျ ရေးဆွဲထားတဲ့ ပုံကလေးတွေပါ၊ သူ ဘယ်လိုနေရထိုင်ရတယ်ဆိုတာကို ခန့်မှန်းနိုင်တဲ့ပုံတွေပါ"ဟု သူ့အမေက သီအို့ထံရေးသည့် စာတစ်စောင်တွင် ဖော်ပြထားသည်။

ထိုစဉ်က သူသည် ပန်းချီဆရာ တစ်ယောက်ဖြစ်လာနိုင်မည့် အလားအလာကို ရော်ရမ်း မှန်းဆနေဟန်တူပါသည်။ ဒရင်သီမှနေ၍ သီအို့ထံ ရေးလိုက်သည့်စာထဲ၌ သိမ်းမြစ်ရေကာတာပေါ်မှ ရပ်ပြီး စိတ်ကူးနဲ့ ပုံဆွဲခဲ့တာ မကြာခဏပဲ၊ ဆောက်သင်ပတန် လမ်းကနေပြီး အိမ်ပြန်တဲ့ ညနေခင်းတိုင်း ဆွဲနေတာ၊ ဒါပေမဲ့ ဘာတစ်ခုမှ ဖြစ်မလာသေးဘူး၊ အစ်ကို့ကို ပါစပက်တစ်လို့ ခေါ်တဲ့ အမြင်ရေးဆွဲနည်းအကြောင်း နားလည်သဘောပေါက်အောင် ပြောပြပေးမယ့် လူကလည်း အနားမှာ မရှိဘူး" စသည်ဖြင့် ရေးထားသည်။

ထိုအခါက ဗင်းဆင့်သည် လန်ဒန်၌ နေထိုင်လျက်ရှိသော နာမည်ကြီး ဒတ်ချ်ပန်းချီဆရာ "မက်သူးမာရစ္စ"နှင့် မကြာခဏ ဆုံသည်။ သို့သော်လည်း ရှက်တတ်သော ဗင်းဆင့်သည် သူ့ဆန္ဒကို လွတ်လပ်စွာ ထုတ်မပြောရဲ၊

• နာမည်ကျော် ဒတ်ချ်ကဗျာတစ်ပုဒ်၏ ပထမစာကြောင်းကို ရေးထားခြင်းဖြစ်သည်။


mgyoe.com

mgyoe.com


သူ့ဆန္ဒများနှင့် သူသိလိုသည်များကို သူ့ရင်တွင်း၌သာ မျိုသိပ်ထားလေသည်။

၁၈၇၄ ခု ဇန်နဝါရီလထဲတွင် ဗင်းဆင့်၏ လစာသည် တိုးလာသည်။ ထိုနှစ် နွေဦးပေါက်အထိ သူ့ထံမှ ရောက်လာသမျှ စာများသည်ပျော်ရွှင်ကြည်နူး စရာတွေနှင့်သာ ပြည့်နေဆဲ။ သူသည် ဇူလိုင်လထဲတွင် ဟောလန်နိုင်ငံသို့ အလည်သွားမည်ဖြစ်ရာ ထိုကာလမတိုင်မီ အာဆူလာအား သူ ချစ်ရေးဆိုမည်။

သို့သော်လည်း ထွက်လာသည့် အဖြေမှာ မကောင်း အာဆူလာသည် ဗင်းဆင့် ရောက်မလာမီက သူတို့ သားအမိထံ အခန်းငှား၍ နေသွားသူ တစ်ဦးနှင့် စေ့စပ်ထားပြီးနေပြီ။ ဗင်းဆင့်သည် ထိုစေ့စပ်ထားမှုကို အာဆူလာ ဘက်မှ ဖျက်ပစ်ရန်အစွမ်းကုန် ကြိုးစားသည်။ သို့သော်လည်း မအောင်မြင်ခဲ့။ အကြီးမားဆုံးသော ဝမ်းနည်းကြေကွဲမှုကြီးသည် သူ့အပေါ် ပထမဆုံး ကျရောက် လာသည်။ ဤဒဏ်ကြောင့် သူ့အကျင့်စရိုက်တွင်လည်း ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ရလေ၏။

သူ အိမ်သို့ ခဏပြန်လာသည့်အခါ အလွန်ပိန်ချုံးနေသော၊ အလွန် နှုတ်ဆိတ်နေသော အလွန်စိတ်ဓာတ်ကျကာ ညှိုးငယ်နေသော အပြောင်းလဲကြီး ပြောင်းလဲနေသည့် ဗင်းဆင့်ကို မြင်တွေ့ကြရသည်။ အမေက သူမ၏စာတွင် "ဗင်းဆင့်ဟာ ပုံလေးတွေ ဆွဲနေလေ့ရှိတယ်။ အိပ်ခန်းပြတင်းပေါက်နဲ့ အိမ်ရှေ့အတွက် တံခါးကိုသာမကဘူး၊ အိမ်ရဲ့ အစိတ်အပိုင်းတွေ အားလုံးကိုပါ ဆွဲတာ၊ ပြီးတော့ လန်ဒန်မှာရှိနေတဲ့ အိမ်တွေရဲ့ပုံကိုလည်းဆွဲတယ်။ အတော့်ကို တော်တယ်လို့ ပြောရမယ့် လက်ရာတွေပါ၊ သူ့အတွက် တန်ဖိုးကြီးလာနိုင်တဲ့ ဟာတွေပဲ"ဟု ရေးခဲ့သည်။

ထိုတစ်ခေါက်က သူလန်ဒန်သို့ ပြန်သည့်အခါ သူ့အစ်မအကြီးဆုံးသည် ဗင်းဆင့်နှင့်အတူလိုက်ပါလာသည်။ သူ့အစ်မကြီးသည် လန်ဒန်အခြေအနေကို လေ့လာရန် လိုက်လာခြင်းဖြစ်၏။ ယခု တစ်ခေါက် လန်ဒန်ပြန်ရောက်သည့် အခါ ဗင်းဆင့်သည် "အိုင်ဗီကော့တိတ်ချ်၊ အမှတ် ၃၉၅၊ ကင်ဆင်တန် နယူးရုတ်ဒ်"၌ ငှားနေသည်။ မိသားစုဝန်းကျင် မရှိသော နေရာ၌ နေရခြင်း ဖြစ်၍ ပို၍ နှုတ်ဆိတ်ကာ ငို၍ စိတ်ဓာတ်ကျပြီး၊ ဘာသာတရားတွင် ပို၍ ကိုင်းရှိုင်းလာသည်။

လွိုင်ယာသားအမိတို့၏အခန်း၌ ဆက်မနေတော့သဖြင့် သူ့မိဘများသည်


mgyoe.com

mgyoe.com


ဝမ်းသာကြသည်။ "လျှို့ဝှက်ချက်တွေက သိပ်ပြီး များလွန်းတယ်၊ ဒီမိသားစုက တခြားမိသားစုတွေနဲ့လည်း မတူဘူး၊ တကယ်လို့ သူ့ရဲ့စိတ်ကူး ယဉ်မှုတွေကို အသိအမှတ် မပြုကြဘူးဆိုရင် သူ့အတွက် အကြီးအကျယ် စိတ်ထိခိုက်စရာတွေ ဖြစ်လာလိမ့်မယ်"ဟု အဖေက သိအိုထံ စာရေးသည်။ "သူ့အလုပ်က ဆင်းရတာ အစောကြီးပဲ၊ ညနေပိုင်းကသိပ်ရှည်တယ်။ သူ နေရတာ အထီးကျန် သိပ်နိုင်မှာပဲ" စသည်ဖြင့်လည်း အမေက ဗင်းဆင့်အတွက် သောကဖြစ်သည်။

အဖေနှင့်အမေသည် ဗင်းဆင့်အတွက် စိတ်မအေး တစ်ယောက်တည်း နေထိုင်ခြင်းနှင့် အခြားဘယ်သူနှင့်မှ အဆက်အသွယ် မရှိဖြစ်နေခြင်းတို့အတွက် သောကမအေးကြ၊ ဦးလေးဗင်းဆင့်ကလည်း သူ့အားတခြားလူတွေနှင့် တရော တနှောနေထိုင်ဖို့ အမြဲတိုက်တွန်းနားချသည်။ "လူမှုပတ်ဝန်းကျင်နဲ့ ဆက်ဆံရေး ဟာလည်း လုပ်ငန်းရပ်ရဲ့ သဘောသဘာဝကို သင်ယူလေ့လာသလို လေ့လာဖို့ လိုအပ်တာပဲ"ဟု ဦးလေးဗင်းဆင့်က စာရေးပြီး တိုက်တွန်းသည်။

သို့သော်လည်း ဗင်းဆင့်၏စိတ်ဓာတ်သည် ဆက်၍ ကျဆင်းမြဲကျဆင်း လျက်ပင်ရှိသည်။ ယခင်ကလို စာများများလည်းမရောက်၊ လန်ဒန်မြို့နှင်းများ သည် ဗင်းဆင့်၏စိတ်ကို နောက်ကျိရှုပ်ထွေးနေစေသလား။ သူ့အတွက် ယာယီ အပြောင်းအလဲလေးတစ်ခု ရှိလာလျှင် ကောင်းလေမလား။ "သားရဲ့ အဖြစ်က သနားစရာပဲ။ အခုလောလောဆယ် သူ ရင်ဆိုင်နေရတာတွေဟာ သူ့အတွက် အလွန့်အလွန် ခက်ခဲနေလေသလား" စသည်ဖြင့် အမေက ပူပန်သောက ရောက်ရှာသည်။

၁၈၇၄ ခုနှစ် အောက်တိုဘာလထဲတွင် ဦးလေးဗင်းဆင့်၏ စီမံမှုကြောင့် သူသည် ပါရီဆိုင်သို့ ခေတ္တမျှပြောင်းရွှေ့ခဲ့ရသည်။ ဤကိစ္စအပေါ်တွင် ဗင်းဆင့် သည် သိပ်ပြီးသာယာမှု မရှိခဲ့ပေ။ သူ့အား အခုလို လုပ်ရပါမည်လောဟူသော အတွေးဖြင့် စိတ်ဆိုးခဲ့သဖြင့် အိမ်ကို စာမရေးဘဲနေခဲ့ရာ မိဘများ စိတ်ဆင်းရဲခြင်း ဖြစ်ခဲ့ရ၏။

ဒီဇင်ဘာလကုန်ခါနီးလောက်တွင် သူသည် လန်ဒန်သို့ပြန်၍ ပြောင်းခဲ့ ရသည်။ သူ မူလက ငှားထားသည့် အခန်းမှာပင် ဆက်လက်၍ နေသည်။ သူ၏အထီးကျန်ဘဝကို စွန့်လွှတ်ခြင်းကား မပြုပေ။ ယခုအခါတွင်မှ သူ့အား တချို့က "ရူးကြောင်ကြောင်လူ"ဟု ပြောလာကြသည်။ သူ့အပေါ် ပထမဆုံး


mgyoe.com

mgyoe.com


အကြိမ် ဤစကားလုံး အသုံးခံခဲ့ရခြင်း ဖြစ်ပေသည်။

သူသည် ပုံဆွဲသည့်အလုပ်ကို မလုပ်တော့ချေ။ ပုံဆွဲမည့်အစား စာတွေချည်း ဖတ်နေသည်။ "ကိုယ်ကျိုးကိုယ့်ဆန္ဒများကို စွန့်လွှတ်ရန်၊ ကြီးမြတ်သောအရာများကို သိမြင်လာရန်၊ မြင့်မြတ်သော စိတ်ဓာတ်ကို ရရှိရန်" စသည်များကိုသာ အဓိကထား၍ ရည်မှန်းလျက်ရှိ၏။ သို့တစေလည်း ထိုရည်မှန်းချက်များကို ဘယ်လိုရအောင် လုပ်ရမည်ဟူသော အချက်ကို မူကား သူ မသိချေ။

(၄)

၁၈၇၅ ခုနှစ် မေလတွင် သူ့အား ပါရီသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အမြဲတစေပြောင်းရွှေ့နေရာချထားခြင်းဖြစ်၏။ ဤတစ်ကြိမ်တွင် သူသည် ပန်းချီအရောင်းပြခန်း၌ တာဝန်ယူရသည်။ သူ့စိတ်ကမူ ထိုအရောင်းပြခန်း၌ တာဝန်ယူရခြင်းသည် သူနှင့် မအပ်စပ်ဟု ယူဆသည်။

သူသည် မောင့်မာထရီဘက်ရှိ သူငှားထားသည့် အခန်းကလေးထဲ၌ တစ်နေကုန် နေရခြင်းအပေါ် သာယာသည်။ "တဲငယ်လေး"ဟု အမည်ပေးထားသည့် သူ့အခန်းမှ ဘယ်ကိုမှမသွား။ မိုးလင်းသည်မှ မိုးချုပ်ချိန်အထိ သူ့မိတ်ဆွေလူငယ် ဟာရီဂလက်ဝဲလ်နှင့်အတူ သမ္မာကျမ်းစာကိုသာ ဖတ်နေလေ့ရှိ၏။ အပျော်အပါးများ၌သာ အာရုံဝင်စားနေကြသည့် ပါရီမြို့သူမြို့သားတို့၏ လောကတွင်းသို့ ဝင်ရောက်ရန် စိတ်မဝင်စား။

သူ့မိဘများသည် သူ့ထံမှ ရောက်လာသည့်စာများကိုဖတ်၍ သူ့အခြေအနေမကောင်းသည်ကို သိကြရ၏။ ခရစ္စမတ်ပွဲကာလအတွင်း သူ အိမ်သို့ပြန်လာသည့်အခါ အကြောင်းစုံကို သိခွင့်ရကြသည်။ ထိုအကြောင်းစုံကို အဖေကသိအိုထံရေးသည့် စာထဲ၌ ပါလာသည်။

"အဖေကတော့ ဗင်းဆင့်အနေနဲ့ နောက်နှစ်လ သုံးလအတွင်းမှာ ဂေါ်ပစ်လ်ကုမ္ပဏီအလုပ်က ထွက်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်မိတယ်၊ သူ့အတွက် အဲဒီမှာ ဆက်လုပ်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်ရပေမယ့် သူ့အတွက် အလုပ်အပြောင်းအလဲရှိရင် ကောင်းလိမ့်မယ်လို့ ထင်နေရတယ်၊


mgyoe.com

mgyoe.com


သူဟာ အဲဒီမှာ ပျော်မယ့်လက္ခဏာမတွေ့ရဘူး”ဟု သူတို့အဖေက သီအို့ထံ ရေးသည့်စာ၌ သူ့ထင်မြင်ယူဆချက်ကို ပြောထားလေသည်။

မည်သို့ပင်ဖြစ်စေ သူတို့သည် ဗင်းဆင့်အား သူ မပျော်ပိုက်မည့် အလုပ်၌ ဆက်လုပ်ရန် နားချခဲ့ကြသည်။ သူကလည်း အများ၏ဆန္ဒကို လိုက်လျောကာ ထိုအလုပ်ခွင်၌ ပျော်အောင်ကြိုးစားခဲ့၏။ သို့တစေလည်း ပန်းချီအရောင်းပြခန်း၌မူ သူ ဆက်၍ မလုပ်လိုဟုပြောခဲ့သည်။

ဤသို့ဖြင့် သူဟော်လန်သို့ အလည်သွားရာမှ ပြန်လာသည့်အခါမစ္စတာ ဂေါပစ်လ်၏ လုပ်ငန်းတစ်ခုလုံးကို ဆက်ခံခဲ့သူ မစ္စတာဂေါပစ်လ်၏ သမက် မစ္စတာဘောဆော့ဒ်နှင့် ခိုင်မာပြတ်သားသော ဆွေးနွေးမှုကိုပြုခဲ့သည်။ ဧပြီလ ၁ ရက်နေ့တွင် သူ့အား အလုပ်မှ ထုတ်ပယ်ပစ်ခြင်းကို လက်ခံခဲ့သည်။ သူ့အား အလုပ်မှ ထုတ်ပစ်ခြင်း၏ အကြောင်းပြချက်များထဲမှ တစ်ခုမှာ ပါရီမြို့ အရောင်းဆိုင်၌ အလုပ်အများဆုံး အချိန်ကျခါမှ ခရစ္စမတ်ပွဲနှင့် နှစ်သစ်ကူးပွဲများအတွက်ဟော်လန်သို့ သွားခြင်းကြောင့်ဟု ဖြစ်သည်။

သူ့ညီထံရေးသည့် စာများထဲ၌ ဤကိစ္စအပေါ်တွင် အလေးအနက် မထားသည့် အနေမျိုးဖော်ပြခဲ့သော်လည်း သူ့ရင်ထဲ၌မူကား များစွာ စိတ်ထိခိုက် ခြင်းဖြစ်ပုံပေါ်သည်။ အသက် နှစ်ဆယ့်သုံးနှစ်အရွယ်တွင် အလုပ်မှ ထုတ်ပယ် ခံရခြင်းသည် ပြင်းထန်သော ထိုးနှက်ချက်တစ်ခုဖြစ်၏။ သူ့အဖို့ အလွန်ကောင်း သော အခွင့်အလမ်းကို ဆုံးရှုံးခဲ့ရခြင်း ဖြစ်ပေရာ အဘယ်မှာလျှင် စိတ်မဆင်းရဲဘဲ နေပါမည်နည်း။

ဦးလေးဗင်းဆင့်မှာလည်း ဤကိစ္စအတွက် များစွာ စိတ်ထိခိုက်ခဲ့သည်။ သူ့အတွက် နာမည်ပျက်စရာတစ်ခုလို ဖြစ်သွားခဲ့သဖြင့် ဘယ်လိုအကူအညီမှ မပေးနိုင်ခဲ့ပေ။ သူ့မိဘနှစ်ပါးမှာလည်း ဤကိစ္စအတွက် စိတ်မကောင်းဖြစ်ခဲ့ ကြသော်လည်း ဗင်းဆင့်အား ကူညီဖို့ကျတော့ ဘာမှ လုပ်ပေးနိုင်ခြင်း မရှိကြချေ။

သူတို့တွင် ရှိနေသည့် စုဆောင်းငွေမှာလည်း သူတို့သားသမီးများ ပညာရေးအတွက် သုံးစွဲရမည်ဖြစ်၏။ ထိုခေတ်က သင်းအုပ်ဘုန်းကြီး၏ လစာမှာ ရှေးခေတ်ဒတ်ချ်နိုင်ငံသုံး ဂစ်လ်ဒါးရွှေဒင်္ဂါး ၈၂၀ ခန့် ဖြစ်သည်။ အသက် နှစ်ဆယ်ကျော်ခဲ့ပြီဖြစ်သော ဗင်းဆင့်သည် သူ၏ ရှယ်ယာ ပညာသင်စရိတ်ကို


mgyoe.com

mgyoe.com


ခံစားခဲ့ရပြီးပြီ။ မိဘများထံ၌ ရှိနေသည့် လက်ရှိငွေမှာ ကျန်သားသမီးများအတွက် ဖြစ်သွားပြီ။

မိသားစုအခြေအနေသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပုံရသည်။ သီအိုသည် မိဘများအား ကူညီသူနှင့် အကြံပေးသူဖြစ်လာပုံလည်း ရ၏။ ထိုအချိန်က သီအိုသည် ဗင်းဆင့်အား ပန်းချီဆရာတစ်ယောက် ဖြစ်လာအောင် ကြိုးစားဖို့ အကြံပြုခဲ့သည်။ သို့သော်လည်း စိတ်ဆင်းရဲမှုဒဏ်ကို အပြင်းအထန် ခံနေရသော ဗင်းဆင့်သည် သီအို့စကားကို နားမဝင်ချေ။

သူ့ဖခင်က ပြတိုက်တစ်တိုက်တွင် အလုပ်တစ်နေရာရအောင် လုပ်ဖို့နှင့် သူ့ဦးလေး ဗင်းဆင့်နှင့် ဦးလေးတော်တို့ လုပ်ငန်းစချိန်က လုပ်ခဲ့ကြသလို ပန်းချီကား အရောင်းဆိုင်ခန်းကလေးဖွင့်ဖို့ တိုက်တွန်းသည်။ ဗင်းဆင့်ကမူ ပန်းချီနှင့် ပတ်သက်၍ သူ့အမြင် သူ့အယူအဆနှင့် သူ့ခံယူချက်များအတိုင်းသာ လုပ်ချင်သည်။ ပန်းချီကားရောင်းသော အလုပ်သည် မကောင်းသော အလုပ်တစ်ခုဟု ယူဆသဖြင့် ပန်းချီကား ရောင်းခြင်းကိုတော့ သူ မလုပ်လို။ ထိုအချိန်ထိ သူ့နှလုံးသားသည် လန်ဒန်ကိုသာ တမ်းတနေဆဲ၊ ထို့ကြောင့် သူသည် ဆရာတစ်ယောက် ဖြစ်လာရန်စိတ်စဉ်သည်။

ကြော်ငြာတစ်ခုကို အကြောင်းပြု၍ ၁၈၇၆ ခုနှစ် ဧပြီလထဲတွင် ဗင်းဆင့်သည် ရမ်စ်ဂိတ်ရှိ မစ္စတာစတုတ်၏ကျောင်း၌ အလုပ်ရခဲ့၏။ ထိုကျောင်းမှာ ဇူလိုင်လရောက်သည့်အခါ အိုက်စ်ဝပ်သ်သို့ ပြောင်းရွှေ့ခဲ့၏။ သူ့အနေဖြင့် အလုပ်ရသည်ဟု ဆိုရသော်လည်း အဆောင်ခနှင့် စားသောက်ခသာ ကင်းလွတ်ခွင့် ရခြင်းဖြစ်ရာ လစာဟူ၍ တစ်ပြားမှ မရချေ။

ဤသို့ဖြင့် ဗင်းဆင့်သည် မကြာခင်မှာပင် မက်သဒစ် တရားဟောဆရာ မစ္စတာ ဂျုံးစ်ကျောင်းမှ အလုပ်ကို လက်ခံခဲ့သည်။ မစ္စတာ ဂျုံးစ်၏ကျောင်းမှာ ငွေကြေးပိုမို၍ ချမ်းသာသောကျောင်းဖြစ်သဖြင့် ဗင်းဆင့်အတွက် အဆင်ပြေသည်ဟု ဆိုရမည်ဖြစ်၏။ နောက်ဆုံးတွင် ဗင်းဆင့်သည် ဤကျောင်း၌ "ခရစ်ယာန် လက်ထောက်ဘုန်းကြီး"ဖြစ်လာခဲ့လေသည်။

အိမ်သို့ရောက်လာသမျှ သူ့စာများသည် စိတ်အားပျက်စရာတွေချည်း ဖြစ်သည်။ ထိုစာများထဲတွင် သူ၏စိတ်နှလုံးမသာယာမှုများကိုသာ တွေ့နေရသည်။ "တစ်စုံတစ်ရာက ကျွန်တော့်ကို ခြိမ်းခြောက်နေသလို ခံစားနေရတယ်"

mgyoe.com

mgyoe.com


ဟု သူက ရေးသည်။ သူ့မိဘများကလည်း သူ့အဖြစ်ကို ကောင်းစွာ နားလည်သည်။ သူတို့၏သားဗင်းဆင့်သည် ကျောင်းဆရာအလုပ်ကို မကြိုက်။

မိဘများက ဗင်းဆင့်အား ပြင်သစ်သို့မဟုတ် ဂျာမန်ဘာသာသင်ကြားပြီး ကောလိပ်တစ်ခုခုမှ လက်မှတ်ရအောင် လုပ်ပါဟု အကြံပြုကြသည်။ သို့သော်လည်း ဗင်းဆင့်က နားမဝင်။ "အမေကတော့ သူ့ကို ပန်းချီပညာနဲ့ ပတ်သက်တဲ့ လောကတစ်ခုထဲမှာ အလုပ်တစ်ခု ရစေချင်ပါတယ်"ဟု သူ့အမေက ရေးခဲ့ဖူးသည်။ သူမ၏သား ဘာဖြစ်နေသည်ကို နားလည်နေသော မိခင်က ရေးလိုက်သည့်စာဖြစ်၏။

စိတ်ဓာတ်ပျက်ပြားကာ စိတ်ဖိစီးမှုဒဏ်ကို ခံနေရသော ဗင်းဆင့်သည် ဘာသာရေးကို ဖက်တွယ်သည်။ အလှကိုတမ်းတခြင်းနှင့် အများအကျိုး ရှေးရှုခြင်း စသည်တို့အတွက် သူ၏စိတ် သာယာကျေနပ်မှု ရရှိရေးကို ရှာဖွေသည်။ ထိုစဉ်က သူသည် အင်္ဂလိပ်တို့၏ သမ္မာကျမ်းစာ၊ ဓမ္မတေးနှင့်ကျေးရွာ ဘုရားရှိခိုးကျောင်းကလေး၏ အေးဆေးငြိမ်သက်မှုများတွင် သာယာယစ်မူးသည်။

ထိုအချိန်က သူ့ထံမှ အိမ်သို့ ရောက်လာသမျှ စာများသည် သူ၏စိတ်အားပျက်မှုများကိုသာ ဖော်ပြလျက်ရှိ၏။ မကြာခဏဆိုသလို ဘုရားရှိခိုးကျောင်းတစ်ကျောင်း၌ အလုပ်ဝင်လုပ်ရေးကိုသာ တမ်းတလျက်ရှိသည်။ သို့သော်လည်း ထိုနှစ် ခရစ္စမတ်ပွဲတော်ရက်အတွင်း အိမ်ပြန်လာသည့်အခါတွင်မူ အိုက်စ်ဝပ်သ်သို့ မပြန်တော့ဟု ဆုံးဖြတ်လိုက်သည်။ ထိုအလုပ်မှာ သူ့ဘဝအနာဂတ်အတွက် တိုးတက်လာစရာ သိပ်မရှိဟု တွက်မိ၍ဖြစ်သည်။

ဦးလေးဗင်းဆင့်သည် နောက်တစ်ကြိမ် သူ့ဩဇာကိုသုံးကာ ဗင်းဆင့်အား စာအုပ်ဆိုင်တစ်ဆိုင်၌ နေရာချထားပေးပြန်သည်။ စာအုပ်ဆိုင်မှာ ဒေါ့ဒရက်ချ်မြို့မှ ဘလပ်ဆီအင်ဘရပ် စာအုပ်ဆိုင်ဖြစ်သည်။ ဗင်းဆင့်သည် ထိုအလုပ်ကို လွယ်လင့်တကူ လက်ခံခဲ့သော်လည်း စိတ်အားထက်သန်သည့် လက္ခဏာကိုတော့ မပြချေ။

ထိုစဉ်က ဗင်းဆင့်၏ အကျင့်စရိုက်နှင့်ပတ်သက်၍ အစ်မတစ်ယောက်က သီအိုထံရေးလိုက်သည့်စာထဲ၌ "မင်းကတော့ သူ့ကို သာမန်လူသားတစ်ဦးထက် အရည်အသွေးပိုတယ်လို့ ထင်နေတယ်၊ ဒါပေမဲ့ အစ်မကတော့ ဗင်းဆင့်အနေနဲ့ သူ့ကိုယ်သူ သာမန်လူသားတစ်ယောက်လို့ ထင်နေပြီဆိုရင် သိပ်ကောင်းမှာပဲလို့


mgyoe.com

ထင်မိတယ်"ဟု ဖော်ပြခဲ့သည်။ အခြားအစ်မတစ်ဦးကလည်း ဗင်းဆင့်နှင့် ပတ်သက်၍ "သူ့ဘာသာတရားက သူ့ကို ပေါင်းသင်းဆက်ဆံမှုနယ်ပယ်မှာ ဖော်ဖော်ရွေရွေ မနေတတ်အောင် လုပ်ပစ်လိုက်ပြီ"ဟု သီအိုထံ စာရေးခဲ့ဖူးသည်။

စာအုပ်ဆိုင်၌ အလုပ်ရချိန်အထိ ဗင်းဆင့်သည် ခရစ်ယာန်တရား ဟောနေရခြင်း အပေါ်၌ တမ်းတမ်းစွဲနေဆဲဖြစ်သည်။ နောက်ဆုံး အားထုတ်မှု အနေဖြင့် သူသည် ဘာသာရေးပညာကို သင်ကြားခွင့်ရရန် ကြိုးပမ်းခဲ့ပြန်သည်။ အမ်စတာ ဒမ်မြို့မှ ဦးလေးများကလည်း သူတို့တတ်နိုင်သမျှ ကူညီပါမည်ဟု ကတိပေး ကြသည်။

သူသည် ရေတပ်စခန်း၌ နေထိုင်လျက်ရှိသော ဦးလေး ဂျန်ဗင်းဂိုးနှင့် အတူနေသည်။ သူ့အတွက် ကုန်ကျစရိတ်များစွာ သက်သာစေနိုင်သည်မဟုတ် ပါလား။ ဦးလေးစထရစ်ကားက ဗင်းဆင့်အတွက် နာမည်ကြီးဆရာ ဒေါက်တာ မင်းဒက်စ်ဒါကော့စတာကို ရှာပေးခဲ့၏။ ဦးလေးကော်၏ ပန်းချီခန်းထဲတွင် ဗင်းဆင့်သည် မြတ်နိုးစရာ ပန်းချီကားများနှင့် တွေ့ခွင့်ရနေသည်။ ဦးလေး အားလုံးလိုလိုက ဗင်းဆင့်အဆင်ပြေအောင် ဝိုင်းဝန်းကူညီနေကြသည်။

ဤကိစ္စတွင် လုံးဝသဘောမတူဘဲ ဆန့်ကျင်ခဲ့သူမှာ ဦးလေးဗင်းဆင့် ဖြစ်၏။ သူသည် ဘာအကူအညီမှလည်း မပေးခဲ့ချေ။ ရေရှည်တွင် ဗင်းဆင့်နှင့် မဖြစ်နိုင်သည့်ကိစ္စဟု ဦးလေးဗင်းဆင့်က မြင်ခဲ့သည်ဖြစ်ရာ သူ့အမြင်မှန်ကန် ကြောင်းကိုလည်း နောက်ပိုင်းဖြစ်ရပ်များက ထောက်ခံလျက်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ဗင်းဆင့်သည် သူလုပ်လိုသည့်အလုပ်ကို ထက်သန် သောစိတ်ဖြင့် ပြင်းထန်စွာလုပ်သည်။ သူတက္ကသိုလ်သို့ဝင်ခွင့်မရမီ အစိုးရ ကျင်းပသော စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် အားထုတ်သည်။ ဤအလုပ်မှာ ခုနစ်နှစ်မျှကြာလိမ့်မည်ဖြစ်ရာ သူ့မိဘများသည် သူ့အတွက် သောကဖြစ်ခဲ့ ကြသည်။ အသက်နှစ်ဆယ့်လေးနှစ်မျှသာ ရှိသေးသည့် ဗင်းဆင့်သည် ဘာသာရေး ပညာကို သင်ယူရန် ခံနိုင်ရည်မှ ရှိပါ့မလား။

တကယ်တော့လည်း အမ်စတာဒမ်၌ နေထိုင်ခဲ့သည့် ၁၈၇၇ ခု မေလ မှ ၁၈၇၈ ခုနှစ်အထိ ကာလသည် စိတ်သောကများဖြင့် ထွေးလုံးရစ်ပတ် နေခဲ့ရခြင်းဖြစ်၏။ ပထမနှစ်ဝက်တွင် ဗင်းဆင့်သည် စိတ်ရောကိုယ်ပါ အထူး ဝါယမစိုက်၍ သင်ကြားလေ့လာခြင်းကို ပြုခဲ့သည်။ သို့သော်လည်း...



mgyoe.com

mgyoe.com


အမှန်အားဖြင့် ဗင်းဆင့်သည် လူတို့၏ လက်တွေ့ဘဝတွင်းသို့ဝင်၍ ဘာသာရေးဆိုင်ရာ ဟောပြောခြင်းများနှင့် ပြုစုပျိုးထောင်ခြင်း စသည်များကို ပြုလိုသူဖြစ်၏။ ဘာသာရေးပညာကို နှစ်ကာလကြာရှည်စွာ လေ့လာသင်ယူနေရခြင်းကို လိုလားသူမဟုတ်ပေ။ နောက်ဆုံးတွင် သူ့ဆရာ ဒေါက်တာ မင်းဒက်စ်ဒါကော့စတာက ဗင်းဆင့်အား လေ့လာသင်ကြားမှုကို စွန့်လွှတ်ရန် အကြံပြုသည်အထိ ဖြစ်လာခဲ့သည်။ ယင်းသို့အကြံပြုခဲ့ခြင်းမှာလည်း ဗင်းဆင့်အောင်မြင်နိုင်မည်မဟုတ်ဟု ဒေါက်တာမင်းဒက်စ်က သိနေ၍ ဖြစ်လေသည်။

နောင်အခါတွင် ဒေါက်တာမင်းဒက်စ်သည် "ကိုယ်ရေးအမှတ်တရမှတ်တမ်းများ" ရေးခဲ့ရာ ယင်းစာအုပ်ထဲ၌ ထူးခြားသော တပည့်အကြောင်းကို မှတ်တမ်းတင်ထားခဲ့သည်။ အထူးသဖြင့် ဗင်းဆင့်၏ ပြင်းထန်သောစိတ်၊ ထူးဆန်းသော ရုပ်ရည်၊ သူ့ဘာသာသူချမှတ်ပြီး လိုက်နာနေသော ကိုယ်ပိုင်စည်းကမ်းများနှင့် ပုံမှန်သင်ယူလေ့လာမှုနှင့် မသင့်တော်သည့် အကျင့်စရိုက်များ စသည်များကို ဖော်ပြထားသည်။ နောက်ပိုင်း ဗင်းဆင့်ကိုယ်တိုင်ကလည်း ထိုကာလကို "သူ့ဘဝ၏အဆိုးဆုံးသော အချိန်ကာလ"ဟု ခေါ်ခဲ့သည်။

သူသည် "ရိုးရိုးကုပ်ကုပ်နှင့် နှိမ်ချသောစိတ်"ကို မွေးမြူပြီးနေချင်သည်၊ အီဗန်ဂျယ်လစ် ခရစ်ယာန်တရားဟော ဆရာတစ်ယောက်အဖြစ်ဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၌နေလိုသည်။ ယင်းအတွက် ဘာလက်မှတ်မှမလို၊ လက်တင်နှင့် ဂရိဘာသာတတ်ဖို့လည်းမလို၊ တစ်ခုတော့လိုသည်။ ဘရပ်ဆဲလ်မြို့၌ ဖွင့်ထားသည့် အီဗန်ဂျယ်လစ်သင်တန်းကျောင်း၌ သုံးလမျှသင်တန်းတက်ရမည်။

ထိုကျောင်းတွင် သင်ကြားမှုမှာ အခမဲ့ဖြစ်၍ နေစရိတ်နှင့် စားစရိတ်တော့ပေးရသည်။ ဤသို့ဖြင့် ဇူလိုင်လထဲတွင် ဗင်းဆင့်သည် သူ့အဖေနှင့်အတူ ခရီးထွက်ခဲ့ကြသည်။ ဘယ်လ်ဂျီယံသို့အသွား အက်တင်း၌ ရက်အနည်းငယ်မျှ ဝင်လည်နေသော မစ္စတာ ဂျုံးစ်လည်း သူတို့နှင့် ပါလာသည်။ နောက်ဆုံးတွင် အီဗန်ဂျယ်လစ်ဘာသာဝင် ဘုန်းတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကာ ဗင်းဆင့်၏ ဆန္ဒကို ပြောပြကြသည်။ ယင်းတို့ကလည်း ဗင်းဆင့်၏ဆန္ဒအပေါ်တွင်များစွာ သဘောကျခဲ့ကြသည်။ နောက်ဆုံးတွင် ဗင်းဆင့်အား တာဝန်ရှိသူများက သူတို့ကျောင်းတွင်ကျောင်းသားတစ်ယောက်အဖြစ် လက်ခံလိုက်ကြလေ၏။

ဗင်းဆင့်၏ မိဘများကတော့ သူတို့သားအတွက် စိတ်မအေးကြပေ။


mgyoe.com

mgyoe.com

"ဗင်းဆင့်တစ်ယောက် ဘယ်မှာပဲနေနေ ဘာကိုပဲလုပ်လုပ် အမေကတော့ စိတ် မချဘူး၊ သူ့ရဲ့ ရူးတူးတူးကြောင်တောင်တောင် ထူးဆန်းတဲ့ စိတ်ကူးတွေနဲ့ ဘဝအမြင်တွေကြောင့် အားလုံးပျက်စီးရတာများတယ်"ဟု အမေက စာရေးခဲ့၍ သူ့အဖေကလည်း "သူ့ဘဝမှာ ပျော်စရာမရှိတဲ့အဖြစ်ကို တွေ့နေရတဲ့အတွက် အဖေတို့အားလုံး စိတ်ထိခိုက်ကြရတယ်၊ ပြီးတော့လည်း အမြဲတစေ ခေါင်းငုံ့ပြီး လျှောက်နေတတ်တဲ့ သူ့အဖြစ်ကိုကြည့်ပြီး သူ့ကို ဂုဏ်သိက္ခာမြင့်မားတဲ့ နေရာရောက်အောင် တို့တစ်တွေက ဘယ်လောက်ပဲလုပ်ပေးပေး ဖြစ်မှ ဖြစ်ပါ တော့မလားလို့ စိတ်ပူမိတယ်၊ သူ့ကြည့်ရတာ အခက်ခဲဆုံးလမ်းကို တမင် သက်သက်ရွေးပြီး လျှောက်ချင်နေတာများလား"စသည်ဖြင့် ရေးခဲ့သည်။

အမှန်စင်စစ်တော့လည်း သူ့ကိုယ်သူ နှိမ်ချခြင်းနှင့် မာန်မာန ကျိုးအောင် ချိုးခြင်းတို့သည် သူ့ရည်မှန်းချက်ဖြစ်သည်။ သူ့ကိုယ်သူ မေးထားရမည်။ သူ့ကိုယ်ကျိုးဟူသမျှကို စွန့်လွှတ်ထားရမည်ဟူသော စိတ်ကူးများမှာလည်း သူစံပြုထားသည့် "အမြတ်ဆုံးစိတ်ကူးများ"ဖြစ်သည်။ ဘာသာရေးအရိပ်တွင် ခိုလှုံမည်ဆိုပါက သူသည် ထိုအတိုင်းပင် ကျင့်ရမည်ဟု တရားသေ သတ်မှတ် ထားလေသည်။

ဩဂုတ်လ ကုန်ခါနီးခန့်တွင် ဗင်းဆင့်သည် ဘရပ်ဆဲလ်မှ ကျောင်းသို့ ရောက်လာသည်။ ကျောင်းဖွင့်သည်မှာ မကြာသေး၊ ကျောင်းသားသုံးဦးမျှသာရှိ၏။ မစ္စတာဘော့ခ်မာ၏အတန်းထဲတွင် ဗင်းဆင့်သည် အတိုးတက်ဆုံးကျောင်းသား ဖြစ်နေသည်။ သို့သော်လည်း သူမပျော်။ သူရေးခဲ့သည့် စာထဲမှ စကားအတိုင်း ဆိုလျှင် သူသည်"ရေထဲမှဆယ်၍ ကုန်းပေါ်တင်ထားခြင်း ခံရသည့်ငါးတစ် ကောင်"နှင့် တူနေသည်။

ကျောင်းထဲတွင် သူသည် ဝတ်စားဆင်ယင်ပုံနှင့် အပြုအမူများ ထူးခြား မှုကြောင့် လူရယ်စရာဖြစ်နေသည်။ ထို့ပြင်လည်း သူသည် တရားဟောရာ၌ လက်တန်းဟောပြောနိုင်စွမ်းမရှိ။ တရားဟောသည့်အခါတိုင်း စာရွက်များကို ဖတ်၍ ဟောရသည်။ သူနှင့်ပတ်သက်၍ အကြီးဆုံးသော ချို့ယွင်းချက်မှာ "မနာခံမှု"ဖြစ်သည်။ ဤသို့ဖြင့် သုံးလပြည့်သွားသည့်အခါ သူသည် "အရွေးချယ် မခံရတော့ပေ"။

သူသည် ထိုအကြောင်းကို သူ့ညီ သီအိုထံ စာ (စာအမှတ် ၁၂၆)


mgyoe.com

mgyoe.com


ရေးခဲ့ရာ သူအရွေးမခံခဲ့ရသည့်အတွက် များစွာစိတ်ထိခိုက်နေကြောင်း ဖော်ပြခဲ့သည်။ သူ့ဖခင်ထံသို့ ရောက်လာသည့် စာတစ်စောင်ကမူ ဗင်းဆင့်သည် အဆမတန် ပိန်ချုံးကာ အလွန်အားနည်းနေကြောင်း ညစဉ်ညတိုင်း အိပ်သည်ဟုလည်းမရှိကြောင်း၊ အမြဲတစေ စိတ်လှုပ်ရှားကာ မငြိမ်မဆိတ် ဖြစ်နေသည်ကများသဖြင့် အမြန်ဆုံးလာရောက်ပြီး အိမ်ပြန်ခေါ်စေလိုကြောင်း ဖော်ပြထားသည်။ ထိုစာမှာ ကျောင်းမှရေးလိုက်သည့်စာဟုပင် ယူဆကြရလေသည်။

(၅)

ရတ်တရက်ချက်ခြင်းပင် ဗင်းဆင့်သည် ဘရပ်ဆဲလ်သို့ခရီးထွက်သည်။ သူလိုချင်နေသည့်ပုံစံကို အကောင်းဆုံးဖြစ်အောင် စီမံသည်။ သူ့ဘာသာသူ ဆုံးဖြတ်ကာ ဘိုရင်းနိတ်ချ်နယ်သို့ အရောက်သွားသည်။ သူသည် တစ်လလျှင် ဖရန့်ငွေ ၃၀ ဖြင့် မွန်းစ်နယ်မြေအနီးရှိ ပက်တူရိတ်ချ်ရပ်အမှတ် ၃၉၊ ရူပီ အယ်လ်အတ်ဂ်လိစ်လမ်းမှ အမ်မ်၊ ဗင်ဒါ ဟောဂင်း၏နေအိမ်၌ အခန်းငှား၍ နေခဲ့သည်။

သူသည် ညပိုင်းတွင် ကလေးသူငယ်များအား စာသင်ပေးသည်။ သူ ဆင်းရဲများထံသွား၍ လိုအပ်သမျှ ကူညီခြင်းနှင့် သမ္မာကျမ်းစာထဲမှ တရားဓမ္မများကို ဟောကြားခြင်းပြုသည်။ သူ့အနေဖြင့် အရွေးချယ်ခံရဖို့ ကြိုးစားရဦးမည်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူသည် ထိုဒေသရှိ လူအများ၏ ချစ်ခင်လေးစားမှုကို ရရှိခဲ့သည်ဖြစ်ရာ အီဗန်ဂျယ်လစ်ဘာသာဝင်များ ကော်မတီမှ သူ့အားခြောက်လမျှ ယာယီရွေးချယ်ခဲ့လေသည်။

သူ့အနေဖြင့် သမ္မာကျမ်းစာထဲမှ တရားဒေသနာများကို ဟောကြားရမည်ဖြစ်၍ ဤအတွက် တစ်လလျှင် ဖရန့်ငွေ ၅၀ ရလိမ့်မည်ဖြစ်၏။ သူသည် ထိုအချိန်မှစ၍ ကလေးသူငယ်များအား စာသင်ပေးခြင်းနှင့် နာဖျားမကျန်းဖြစ်သူများအား သွားရောက်ကြည့်ရှုပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။ သူ့ထံမှ ရောက်လာသည့် ပထမဆုံးသော စာများတွင် သူ၏လုပ်ငန်းနှင့် ပတ်သက်၍ ကျေနပ်နှစ်သိမ့်နေခြင်းကို ဖော်ပြသည်။


mgyoe.com

mgyoe.com


သူသည် နာမကျန်းဖြစ်နေသူများနှင့် မတော်တဆထိခိုက်ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ပေးသည့် လုပ်ငန်းအပေါ်၌ များစွာစိတ်ဝင်စားသည်။ သူသည် ဂျီးဆပ်စ်၏ တရားများကို လက်တွေ့လိုက်နာကျင့်သုံးမည်ဟူသော ရည်မှန်းချက်ထားရှိသူဖြစ်လေရာ သူရသမျှငွေအားလုံးကို ဆင်းရဲဒုက္ခ ရောက်နေသူများအတွက်သာ အကုန်သုံးခဲ့သည်။ သူ၏ စားဝတ်နေရေးကို လုံးဝဂရုမထား၊ ဤသို့ဖြင့် နောက်ဆုံးတွင် သူသည် မူလက ငှားထားသည့် အလွန်သက်သောင့်သက်သာရှိလှသော အခန်းကို ဆက်မငှားတော့ဘဲ စွန့်ခွာခဲ့သည်။ အလွန်စိတ်ပျက်စရာကောင်းလောက်အောင် စုတ်ချာနေသည့် တဲတစ်ထဲ၌ သွားနေကာ သူဆင်းရဲများနှင့် ဒုက္ခသည်များအား ကူညီ စောင့်ရှောက်သည့် အလုပ်ကို စေတနာမေတ္တာအပြည့်ဖြင့် အပြင်းအထန် ဆက်လုပ်ပြန်သည်။

တာဝန်ရှိသူများကလည်း ဗင်းဆင့်၏ ဆင်းရဲဒုက္ခအကြောင်းကို သူ့မိဘများထံ စာလှမ်းရေးကြသည်။ ဖေဖော်ဝါရီလ ကုန်ခါနီးတွင်မူ ဘုန်းတော်ကြီးရှိချလူသည် နယ်မြေတွင်းရှိ လုပ်ငန်းများကို လာရောက်စစ်ဆေးသည်။ဤတွင် အလွန်ထက်သန်သောစိတ်ဖြင့် အရူးအမူးလုပ်နေသော ဗင်းဆင့်၏အဖြစ်ကို ကြည့်ကာ ဒေါသူပုန်ထလေတော့သည်။ မိမိကိုယ်မိမိ လူနှင့်သူနှင့်တူအောင် မနေဘဲ ဤမျှလောက်ဆင်းရဲဒုက္ခခံ၍ လုပ်နေသူတစ်ဦးသည် အခြားလူများအတွက် နမူနာဖြစ်စရာမရှိဟု ပြစ်တင်ဝေဖန်ခဲ့၏။

ဝပ်စ်ဗက်စ်ရှိ ခရစ်ယာန် ကောင်စီသည် ချက်ချင်း အစည်းအဝေးလုပ်ကာ ဗင်းဆင့်၏ပြဿနာကို စဉ်းစားသည်။ အကယ်၍ ဗင်းဆင့်သည် မိမိတို့ပြောသည့် စကားကို နားမထောင်ဘဲ ကျိုးကြောင်းဆီလျော်မှုကို ပစ်ပယ်ဆန့်ကျင်နေမည်ဆိုပါက လက်ရှိ အလုပ်မှ ထုတ်ပယ်ပစ်ရန် ဆုံးဖြတ်ခဲ့ကြလေ၏။

ဗင်းဆင့်ကတော့ သူတို့၏ ဆုံးဖြတ်ချက်အပေါ် အေးတိအေးစက် တုံ့ပြန်သည်။ "ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"ဟု သူက အိမ်သို့ စာရေးသည်။ "ဂျီးဆပ်စ်လည်းပဲ မုန်တိုင်းဒဏ်ကို တည်ငြိမ်အေးဆေးစွာ ခံယူခဲ့တယ် မဟုတ်လား၊ အကောင်းဆုံးဖြစ်မလာသေးခင်မှာ အဆိုးဆုံးဆိုတာ ဖြစ်လေ့ရှိတာပါပဲ"

ဤတစ်ကြိမ်တွင်လည်း သူ့အဖေသည် သူ့ထံသို့ လိုက်သွားသည်။ သူ့အား မူလက နေထိုင်ခဲ့သည့် ဆော်ဒါအိမ်သို့ ပြန်ပို့ပေးသည်။ အလုပ်လုပ်ရာ၌


mgyoe.com